ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့ အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲ နေခြင်းသည်လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့။ Monday 2 April 2018 ၉၂၄၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်း

**ပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံသားများရှင့်။**

ပြည်သူများ၏ ရွေးချယ်တင်မြှောက်မှုအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ တာဝန်ယူမှု (၂) နှစ်ပြည့်မြောက်ပြီဖြစ်ပါတယ်။

ကျွန်မသာမက အစိုးရဝန်ကြီးဌာနအသီးသီးကလည်း ဒီကာလအတွင်းမှာ မိမိတို့ နိုင်ငံနဲ့ပြည်သူအတွက် စွမ်းဆောင်မှုများရဲ့ အောင်မြင်မှုအခြေအနေ၊ အားသာချက်၊ အားနည်းချက်များကို တင်ပြသွားကြမှာဖြစ်ပါတယ်။ ဒီလိုတင်ပြကြတဲ့နေရာမှာ ရိုးသားဖြောင့်မတ်စွာ **"ပြည်သူနဲ့အတူ"**ဆိုတဲ့ ကျွန်မတို့ ယခင်နှစ်က ချမှတ်ခဲ့တဲ့ဆောင်ပုဒ်နဲ့ ကိုက်ညီစွာတင်ပြသွားမှာပါ။

ယခုနှစ် ပြည်သူကို အစီရင်ခံရာမှာ အရေးအကြီးဆုံးတင်ပြဆွေးနွေးရမယ့် ကိစ္စတစ်ရပ်ကတော့ ကျွန်မတို့နိုင်ငံတော်သမ္မတသစ် တင်မြှောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို တန်ဖိုးထားရခြင်းရဲ့ အကြောင်းရင်းတွေထဲမှာ နိုင်ငံရေးအပြောင်းအလဲတွေကို ပြည်သူ ပြည်သားများ မထိခိုက်စေဘဲ ချောမွေ့ညင်သာစွာ လုပ်ဆောင်နိုင်ခြင်းက အဓိကပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတသစ်ရွေးချယ်တင်မြှောက်ရာမှာ တရားဥပဒေနဲ့ကိုက်ညီစွာ နိုင်ငံတော်အကျိုးဖြစ်စေဖို့ ပြည်သူများ နှလုံးစိတ်ဝမ်းအေးချမ်းစေဖို့ အလေးထားဆောင်ရွက်ခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီအောင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် တာဝန်မှနုတ်ထွက်သည့် မတ်လ(၂၁)ရက်နေ့မှစပြီး အလုပ်ရက် တစ်ပတ်အတွင်း ပြီးမြောက်စေဖို့ဆောင်ရွက်ရာမှာ ပူးပေါင်းပါဝင်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်မှာတာဝန်ယူတဲ့ ဝန်ထမ်းများနဲ့၊ အခြားအစိုးရဌာနများမှဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောချင်ပါတယ်။ အချိန်တိုအတွင်း အရေးကြီးကိစ္စရပ်များ အောင်မြင်စွာပြီးမြောက်အောင် လုပ်ဆောင်နိုင်ခြင်းဟာ နိုင်ငံတော်ရဲ့ရင့်ကျက်တည်ငြိမ်မှုကို ဖော်ဆောင်လိုက်ခြင်းပဲဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ယခုနိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်ကို ရွေးချယ်တင်မြှောက်နိုင်ခြင်းဟာ ကျွန်မတို့ ဒီမိုကရေစီနိုင်ငံရေး ရင့်ကျက်တည်ငြိမ်လာမှုကို ရောင်ပြန်ဟပ်ပါတယ်။ သမ္မတကြီး ဦးဝင်းမြင့်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်စအချိန်မှာပဲ ပါတီဝင်ဖြစ်လာပြီး ကိုယ်ရောစိတ်ပါ ကျွန်မတို့ နိုင်ငံနဲ့နိုင်ငံသူနိုင်ငံသားများ အကျိုးဖြစ်စေမယ့် ပါတီလုပ်ငန်းတာဝန်များကို အကြီးအသေး၊ အမြင့်အနိမ့်မရွေးဘဲ ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

ဦးဆောင်ဦးရွက်ပြုသူတို့ရဲ့ ဂုဏ်ရောင်ဟာ အရည်အချင်းပြည့်ဝ၊ ယုံကြည်စိတ်ချရတဲ့ မျိုးဆက်သစ်တွေ မွေးထုတ်နိုင်ခြင်းပဲဖြစ်ပါတယ်။ ယခု ကျွန်မတို့ ဒီမိုကရေစီလှုပ်ရှားမှုအတွင်းက **စာမျက်နှာ ၅ ကော်လံ ၁ သို့ ***



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းပြောကြားစဉ်။

## စုပေါင်းအင်အား

ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။



ကြေးမုံ

# စုပေါင်းအင်အားကို အလေးထား စိန်ခေါ်မှုများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ပြု

၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့သည် ပြည်သူများ ရွေးချယ်တင်မြှောက်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ နိုင်ငံ့တာဝန်ယူမှု နှစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း အစိုးရအဖွဲ့က နိုင်ငံနှင့် ပြည်သူအတွက် စွမ်းဆောင်ခဲ့မှုများတွင် အောင်မြင်မှုများ၊ အားသာမှုများ၊ အားနည်းချက်များ ရှိမည်ဖြစ်သည်။ ယင်းအခြေအနေများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရတာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့် မိန့်ခွန်းတွင် ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ **"စုပေါင်းအင်အား"** ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးတည်ဆောက်ရာမှာ စုပေါင်းအင်အားဟာ အဓိကပါ၊ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို စုပေါင်းအင်အားနဲ့ ခိုင်မာအောင် တည်ဆောက်နိုင်ပါတယ်၊ ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုး မျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်းတွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့သည်။

ယနေ့ နိုင်ငံတော်တွင် အရေးတကြီးလိုအပ်နေသော ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို တည်ဆောက်ရာတွင် ပြည်သူများ၏ စုပေါင်းအင်အားဖြင့် တည်ဆောက်နိုင်သည်ကို အသိပေးထားသလို ပြည်သူများအနေဖြင့်လည်း ပါဝင်ဆောင်ရွက်နေသည်ကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရသည်။ တစ်ဆက်တည်းတွင် နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်၏ ပထမဆုံးမိန့်ခွန်းတွင်လည်း တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို အစိုးရ၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင်များအဖြစ် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပါရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စတင်ရုန်းကန်နေရသည့် အချိန်တွင် ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ မည်သို့ပင် ရင်ဆိုင်ရသည်ဖြစ်စေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရက ယမန်နှစ်က ရိုးသားဖြောင့်မတ်စွာဖြင့် ချမှတ်ခဲ့သော **"ပြည်သူနှင့်အတူ"** ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏ စုပေါင်းအင်အားနှင့် ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း တာဝန်သိစွာဖြင့် ရပ်တည်နိုင်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ပြီးနောက် နိုင်ငံနှင့်ပြည်သူ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့သည့် တရားမျှတမှုနှင့် လွတ်လပ်သည့်နိုင်ငံ၊ လူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမည့် ဖြူစင်သည့်ဝါဒ ကျင့်သုံးသည့်နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားဖြင့် လုပ်ဆောင်ကြဖို့ မမှိတ်မသုန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်ကို ကြေးမုံက အလေးအနက် ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ငမိုးရိပ်ဆည်အတွင်း အောင်ရေ လုံလောက်စွာရှိသောကြောင့် ဒေသခံတောင်သူဦးကြီးများအနေဖြင့် စိတ်ချရပြီဖြစ်


ငမိုးရိပ်ရေလှောင်တမံအား တွေ့ရစဉ်။

**လှည်းကူး ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးတွင် တည်ရှိသော ငမိုးရိပ်ဆည်အတွင်း အောင်ရေ လုံလောက်စွာရှိသောကြောင့် ဒေသခံတောင်သူဦးကြီးများအနေဖြင့် အောင်ရေအတွက် စိတ်ချရပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ငမိုးရိပ် ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်း အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အရှိန်အဟုန်မြှင့် ပိုမိုဆောင်ရွက်ခဲ့သဖြင့် လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူဦးကြီးများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများကို လျာထားဧကထက် ကျော်လွန်၍ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြပြီဖြစ်ကြောင်း ဒေသခံတောင်သူ ဦးကြီးများထံမှ သိရသည်။

လက်ရှိအနေအထားအရ ၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးသည့် ကာလတွင် ငမိုးရိပ်ရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါး ၂၃၆၄၆ ဧကနှင့် အခြားသီးနှံ ၄၄၆၈ ဧက စုစုပေါင်း ၂၈၁၁၄ ဧကတို့ကို တောင်သူဦးကြီးများအနေဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ယခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေ ပေးဝေနိုင်ရန်အတွက် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၌ ကန်ရေပြည့်ရေ ဧကပေ ၂၀၀၀၀၀၊ မဟူရာရေလှောင်တမံ၌ ကန်ရေပြည့်ရေ ဧကပေ ၅၄၀၀၀၊ ပေါင်းလင်းရေလှောင်တမံ၌ ကန်ရေပြည့်ရေ ဧကပေ ၁၁၄၀၀၀ တို့ဖြင့် စုစုပေါင်းကန်ရေပြည့်ရေ ဧကပေ ၃၆၈၀၀၀ ကို သိုလှောင်နိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ငမိုးရိပ်ရေလှောင်တမံမှ ဆည်ရေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ နွေစပါးရေပေးဝေခဲ့ကြောင်း သိရပြီး ဆည်ရေသောက်စနစ်ရှိ တူးမြောင်းမကြီး အလျား ၁၅ ဒသမ ၅ မိုင်၊ လက်ဝဲတူးမြောင်းအလျား ၂၂ ဒသမ ၉ မိုင်၊ လက်ယာတူးမြောင်း အလျား ၁၆ ဒသမ ၈ မိုင်၊ လက်တံမြောင်းခွဲ စုစုပေါင်း ၈၇ ခုဖြင့် ဒေသခံတောင်သူဦးကြီးများအတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သိရသည်။

ရေစတင်ပေးဝေချိန်မှ ယနေ့အထိ နွေစပါးစိုက်ပျိုးရေအဖြစ် ဧကပေ ၂၀၀၀၀၀ ပေးဝေခဲ့ပြီး လက်ရှိ တမံအတွင်းရှိ သိုလှောင်ကျန်ရေပမာဏမှာ ဧကပေ ၉၁၅၀၀ ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး နွေစပါးနှင့် အခြားသီးနှံများ အောင်ရေပေးဝေရန်အတွက် အခက်အခဲမရှိကြောင်းနှင့် ဆည်အတွင်း အောင်ရေ လုံလောက်စွာရှိသောကြောင့် တောင်သူဦးကြီးများအနေဖြင့် အောင်ရေအတွက် စိတ်ချရပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ပွင့်သစ္စာ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်

**မုံရွာ ဧပြီ ၁**

ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ နည်းမျိုးစုံဖြင့် လုပ်ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် ပြည်ထောင်စုအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြီး မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးလုပ်ငန်းများကို ယခုနှစ်အတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"မဟာဓာတ်အားလိုင်းပြင်ပစနစ်နဲ့ အသေးစားမီးလင်းရေးကို အသုံးပြုတဲ့ ကျေးရွာတွေက အိမ်ထောင်စု လူနေမှုအဆင့်အတန်းတွေ မြင့်မားလာမယ်၊ ကျန်းမာရေး၊ ပညာရေးတို့မှာလည်း အထောက်အကူဖြစ်စေသလို ကျေးရွာရဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ ဆန်၊ ဆီကြိတ်စက်တွေ လုပ်ဆောင်နိုင်သလို ဘာသာရေး၊ စာသင်ကျောင်း၊ လမ်းမီးတွေကိုလည်း အခမဲ့ အသုံးပြုနိုင်မှာပါ၊ မဟာဓာတ်အားလိုင်းပြင်ပစနစ်နဲ့ အသေးစားမီးလင်းရေးကို နိုင်ငံတော်က ၆၀ ရာခိုင်နှုန်း၊ ကျေးလက်နေပြည်သူတွေက ၂၀ ရာခိုင်နှုန်းနဲ့ လုပ်ငန်းလုပ်ဆောင်ပေးမယ့် ကုမ္ပဏီက ၂၀ ရာခိုင်နှုန်းထည့်ဝင်ပြီး မီးလင်းရေးလုပ်ဆောင်ပေးသွားမှာပါ၊ ကျေးရွာက ပြည်သူတွေ အချိုးကျငွေထည့်ဝင်ခိုင်းတာက ဒီမီးလင်းရေးစနစ်ကို တန်ဖိုးထားပြီး ရေရှည်အသုံးပြုနိုင်အောင်လို့ ထည့်ဝင်ခိုင်းတာပါ၊ လျှပ်စစ်မီးအသုံးပြုခကိုတော့ အခကြေးငွေနဲ့ သုံးရမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

မဟာဓာတ်အားလိုင်းပြင်ပစနစ်ဖြင့် အသေးစားမီးလင်းရေးလုပ်ငန်းအဖြစ် ကသာခရိုင်အတွင်း ကျေးရွာ တစ်ရွာ၊ ကန့်ဘလူခရိုင်အတွင်း ကျေးရွာ သုံးရွာ၊ စစ်ကိုင်းခရိုင်အတွင်း ကျေးရွာ တစ်ရွာ၊ ယင်းမာပင်ခရိုင်အတွင်း ကျေးရွာ လေးရွာ၊ ရွှေဘိုခရိုင်အတွင်း ကျေးရွာ တစ်ရွာတို့တွင် လုပ်ဆောင်သွားမည်ဖြစ်ရာ ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ် မယ်ဇတောကျေးရွာ၊ ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ် ကြာစိကျေးရွာ၊ ဘန့်ဘွေးကျေးရွာနှင့် ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ် ဆယ်ပင်ကျွန်းကျေးရွာတို့တွင် လုပ်ဆောင်ရန်အတွက် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုသည့် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် ၎င်းလုပ်ငန်းများအားလုံးကို ယခုနှစ်အတွင်း အပြီးလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**လယ်ဝေး ဧပြီ ၁**

နေပြည်တော် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မြင့်ဆွေ ဦးစီး၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၉ ရက် နံနက် ၉ နာရီက သစ်ပုတ်ပင်နယ်မြေ ရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် စခန်းမှူးရဲအုပ်မြင့်ဆွေက မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို အသိပညာပေးဟောပြောခဲ့ရာ သစ်ပုတ်ပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ကျေးရွာနေပြည်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ

ပြည်သူလူထုရဲ့ ဘဝအပေါ်မှာ၊ နိစ္စဓူဝတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှု ရှိသလဲ။ တကယ်ပဲ တည်ငြိမ်မှု၊ လုံခြုံမှု၊ အားလုံးအတွက် တန်းတူရည်တူ အခွင့်အရေးပေးတဲ့ဥပဒေတွေ ဟုတ်သလား၊ မဟုတ်သလားဆိုတာ နောက်ဆုံး ပြည်သူက ဆုံးဖြတ်ရမှာ။ ပြည်သူရဲ့ ဆုံးဖြတ်ချက်ကို ဘယ်သူတွေက အကောင်အထည်ဖော် ရမလဲဆိုတော့ ပထမဦးဆုံး လွှတ်တော်က အကောင်အထည်ဖော်ရမှာပေါ့။ ဥပဒေတွေက တကယ်ပဲ ပြည်သူလူထုအတွက် အကျိုးပြုတဲ့ ဥပဒေတွေဖြစ်ရဲ့လားဆိုတာ လွှတ်တော်ကနေ ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက်တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ **ဒုတိယသမ္မတမှ**

လူမျိုးတို့၏ ရိုးရာနေထိုင်မှုပုံစံ၊ ဗီယက်နမ်နိုင်ငံ၏ သမိုင်းဝင်အသုံးအဆောင်နှင့် ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာသည်။

### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟနွိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး သံရုံးနှင့် စစ်သံရုံးမိသားစုများအတွက် အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား မြန်မာသံရုံးမိသားစုများက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

### ပို့ဆောင်နှုတ်ဆက်

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟနွိုင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး မစ္စတာ ကျူအုန် မင်းသွမ်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ မြန်မာ စစ်သံမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြိုဆို နှုတ်ဆက်ကြ

ဒုတိယသမ္မတနှင့်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ဟိုချီမင်းပြတိုက်တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး မစ္စတာ ကျူအုန်မင်းသွမ်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

# တရုတ်နိုင်ငံ၏ အာကာသသုတေသနစခန်းယာဉ် ဧပြီ ၂ ရက်တွင် ကမ္ဘာပေါ်သို့ ပျက်ကျလာဖွယ်ရှိ



**လန်ဒန် ဧပြီ ၁**

အသက်ဝင်လှုပ်ရှားခြင်း မရှိတော့သည့် တရုတ်အာကာသယာဉ်တစ်စင်းသည် ဧပြီ ၂ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တိန်ခေါင်း-၁ အမည်ရှိ တရုတ်အာကာသသုတေသနစခန်းယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်းသို့ မည်သည့်အချိန်တွင် ဝင်ရောက်လာမည်ကို တရုတ်အာကာသအေဂျင်စီက တိတိကျကျပြောဆိုခြင်းမရှိပေ။ သို့ရာတွင် ဧပြီ ၂ ရက်တွင် အထိန်းအချုပ်မဲ့ ပျက်ကျလာဖွယ်ရှိကြောင်း၊ ယင်းအာကာသယာဉ်သည် အပိုင်းပိုင်းပြိုကွဲသွားခြင်းမရှိမီ တစ်နာရီလျှင် ကီလိုမီတာ ၂၆၀၀၀ ကျော် အမြန်နှုန်းဖြင့် အောက်သို့ စိုက်ဆင်းလာမည်ဟု ခန့်မှန်းရကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။ တိန်ခေါင်းဟူသည် တရုတ်ဘာသာစကားအရ အာကာသနန်းတော်ဟု အဓိပ္ပာယ်ရရှိသည်။

တရုတ်အာကာသအေဂျင်စီ၏ ခန့်မှန်းပြောကြားချက်မှာ ဥရောပအာကာသအေဂျင်စီ၏ တွက်ချက်ခန့်မှန်းချက်များနှင့် ယေဘုယျသဘော ကိုက်ညီမှုရှိသည်ဆို၏။

ထိုစဉ်အတွင်း တောင်ကိုရီးယားအမျိုးသားအာကာသအခြေအနေ အသိပေးရေးအဖွဲ့က ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ တရုတ် အာကာသသုတေသနစခန်းယာဉ်သည် ဧပြီ ၂ ရက် ဆိုးလ်စံတော်ချိန် နံနက် ၅ နာရီ ၁၂ မိနစ်မှ မွန်းလွဲ ၁ နာရီ ၁၂ မိနစ်အကြား ကာလ (ဂရင်းနစ်စံတော်ချိန် ဧပြီ ၁ ရက် ည ၈ နာရီ ၁၂ မိနစ်မှ ဧပြီ ၂ ရက် နံနက် ၄ နာရီ ၁၂ မိနစ်အကြား ကာလ) တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည်ဟု မျှော်လင့်ရကြောင်း ကြေညာချက်တွင်ဖော်ပြသည်။

အလေးချိန်ရှစ်တန်ရှိ တရုတ်အာကာသသုတေသနစခန်းယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် မီးလောင်ပြိုကွဲသွားကာ အပျက်အစီးအပိုင်းအစများသည် မြောက်လတ္တီတွဒ် ၄၃ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၄၃ ဒီဂရီအကြား နေရာတစ်နေရာပေါ်သို့ ကျရောက်လာနိုင်ကြောင်း၊ တစ်နည်းအားဖြင့် နယူးဇီလန်နိုင်ငံမှသည် အမေရိကန် အနောက်ပိုင်း၏ အလယ်ပိုင်းဒေသအထိ အကျုံးဝင်သော နယ်မြေအပိုင်းအခြားအတွင်းသို့ ကျရောက်ဖွယ်ရှိကြောင်း ဥရောပအာကာသအေဂျင်စီ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် စခန်းယာဉ်မီးလောင်ပျက်စီးသွားမည်ဟု ကျွမ်းကျင်သူပညာရှင်များက ယူဆကြသည်။ ကမ္ဘာမြေပြင်ပေါ်သို့ စခန်းယာဉ်၏အရွယ်အစားကြီးမားသော အစိတ်အပိုင်းများ ကျရောက်ဖွယ်မရှိကြောင်း၊ လူသားတို့အနေဖြင့် စိုးရိမ်ပူပန်စရာမလိုအပ်ကြောင်း တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသစူးစမ်းလေ့လာရေး အင်ဂျင်နီယာလုပ်ငန်း အဖွဲ့ရုံးက လူမှုကွန်ရက်မီဒီယာဝီချတ်မှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။

ဘတ်စ်ကားတစ်စီး၏ အရွယ်အစားမျှရှိသော တိန်ခေါင်း-၁ အာကာသစခန်းယာဉ်ကို အာကာသယာဉ်များ ဆိုက်ကပ်ရပ်နားနိုင်ရန်နှင့် ဂြိုဟ်ပတ်လမ်းကြောင်းဆိုင်ရာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် တရုတ်နိုင်ငံက ၂၀၁၁ ခုနှစ်တွင် လွှတ်တင်ခဲ့သည်။

**အေအက်ဖ်ပီ**

# အိန္ဒိယနိုင်ငံရှိ ဟိုတယ်တစ်လုံးအား ကားတစ်စီးဝင်တိုက်၊ အဆောက်အအုံပြိုကျပျက်စီး

**နယူးဒေလီ ဧပြီ ၁**

အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိ ဟိုတယ်တစ်လုံးအား အရှိန်ပြင်းမောင်းနှင်လာသော ကားတစ်စီးက ဝင်တိုက်ခဲ့ရာ အဆိုပါလေးထပ်တိုက် ဟိုတယ်ပြိုကျပြီး လူ ၁၀ ဦး အနည်းဆုံးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မတ် ၃၁ ရက်တွင် အိန္ဒိယနိုင်ငံ မတ်ဟယာ ပရာဒေ့ရှ်ပြည်နယ် အင်ဒိုရီမြို့၌ အဆိုပါလေးထပ်တိုက်ဟိုတယ်ပြိုကျခဲ့ခြင်းဖြစ်သည်။ ဟိုတယ်ပြိုကျမှုကြောင့် တည်းခိုသူ ၁၀ ဦးခန့် သေဆုံးခဲ့ပြီး နှစ်ဦးအားဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သားများက ကားမောင်းသမားအပါအဝင် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဟိုတယ်၏ သက်တမ်းသည် နှစ်ပေါင်း ၁၀၀ နီးပါးခန့်ရှိခဲ့ပြီဖြစ်ကြောင်း ရဲအရာရှိများက ဆိုသည်။ ယင်းဟိုတယ်သည် လုံခြုံမှုမရှိတော့ကြောင်း ပိုင်ရှင်အား အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ပြီး ဖြစ်ကြောင်း သိရသည်။ မော်တော်ယာဉ်သည် လမ်းသွားလမ်းလာများနှင့် အခြားသော အဆောက်အအုံများကို ဝင်တိုက်မိပြီးနောက် လေးထပ်ဟိုတယ်ကို တိုက်မိခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**







# ဘိုးရင်းကုမ္ပဏီနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဆော်ဒီအာရေဗျနိုင်ငံနှင့်သဘောတူညီချက်ရရှိ

**ဆန်ဖရန်စစ္စကို ဧပြီ ၁**

ဆော်ဒီအာရေဗျနိုင်ငံ၌ ပူးတွဲစီမံကိန်းတစ်ရပ် အကောင်အထည်ဖော်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုရှိ လေကြောင်းအာကာသဆိုင်ရာ ထုတ်လုပ်ရေးလုပ်ငန်းကြီးဖြစ်သော ဘိုးရင်းကုမ္ပဏီနှင့် ကာကွယ်ရေး စက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို မတ် ၃၁ ရက်က လက်မှတ်ရေးထိုးခဲ့ရာတွင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်အယ်လ်ဆော့ဒ် တက်ရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ လေယာဉ်ထုတ်လုပ်ရေး နည်းပညာသုံးစက်မှုလုပ်ငန်းများ၏ ၅၅ ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌ ထုတ်လုပ်ရန် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်က ရည်မှန်းသည်။

နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ ဂျက်တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များပြုပြင်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းတို့ အကျုံးဝင်ပါရှိကြောင်း ဆော်ဒီသတင်းဌာနများက ဖော်ပြသည်။

ဆော်ဒီအိမ်ရှေ့မင်းသားသည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေစဉ်အတွင်း နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတို့တွင် နှစ်နိုင်ငံမိတ်ဖက်ပြုဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**ပီတီအိုင်**

# ပင်လယ်ရေကြောင်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်သစ် ဂျပန်အစိုးရက မူကြမ်းရေးဆွဲထား

**တိုကျို ဧပြီ ၁**

ဂျပန်အစိုးရအဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်သစ်များကို မူကြမ်းရေးဆွဲထားပြီဖြစ်ကြောင်း၊ ယင်းမူဝါဒသစ်သည် မြောက်ကိုရီးယား၏ဒုံးကျည်အစီအစဉ်များကို တန်ပြန်နိုင်ရန်လည်းကောင်း၊ အရှေ့တရုတ်ပင်လယ်အတွင်း အခြေအနေများကို တုံ့ပြန်နိုင်ရန် လည်းကောင်း အလေးအနက်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် ရေးသားဖော်ပြသည်။

လာမည့်ငါးနှစ်တာကာလအတွင်း မူဝါဒဆိုင်ရာ ပြောင်းလဲမှုအဖြစ် ပင်လယ်ရေကြောင်းအရင်းအမြစ်များဖွံ့ဖြိုးရေးမှ လုံခြုံရေးသို့ အာရုံစိုက်သွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများသည် ယခင်ကာလနှင့်နှိုင်းယှဉ်လျှင် ပိုမိုခြိမ်းခြောက်ခံနေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစိုးရအဖွဲ့ရုံးသည် ဂြိုဟ်တုများနှင့် အခြားအရင်းအမြစ်များမှ ရရှိသော သတင်းအချက်အလက်များကို စုဆောင်းရန်လည်းကောင်း၊ ယင်းသတင်းအချက်အလက်များကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့နှင့် အခြားသောသက်ဆိုင်ရာ အစိုးရဌာနများသို့ ဖြန့်ဝေပေးရန်လည်းကောင်း မူဝါဒလမ်းညွှန်ချက်သစ်တွင် ဖော်ပြထားသည်။

ပင်လယ်ရေကြောင်းဆိုင်ရာ စောင့်ကြည့်လေ့လာမှုများကို တိုးမြှင့်လုပ်ဆောင်ရန် မဟာမိတ်နိုင်ငံများနှင့် အခြားမိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းလုပ်ဆောင်သွားရန်လည်း ယင်းမူဝါဒလမ်းညွှန်ချက်တွင် တိုက်တွန်းထားသည်။

အရှေ့တရုတ်ပင်လယ်တွင်းရှိ စဲန်းကာ့ကုကျွန်းစုပတ်ဝန်းကျင်ရှိ ဂျပန်ရေပိုင်နက်အတွင်း တရုတ်ရေယာဉ်များ ကျူးကျော်ဝင်ရောက်မှုများကို ဟန့်တားနိုင်ရန် ကမ်းခြေစောင့်တပ်ဖွဲ့များ ကင်းလှည့်မှုကို တိုးမြှင့်ရန်လည်း တိုက်တွန်းထားသည်။

**ကျိုဒို**

# စုပေါင်းအင်အား

**လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။**

**✻ ရွှေဖုံးမှ**

ပေါ်ပေါက်လာတဲ့နိုင်ငံ့တာဝန်များကို သီလ၊ သမာဓိ၊ ပညာနဲ့ ထမ်းဆောင်နိုင်မယ့် နိုင်ငံတော်သမ္မတတစ်ဦးကို ဒုတိယမျိုးဆက်လို့ ခေါ်ဆိုရမယ့်သူများအတွင်းက ခန့်အပ်နိုင်ခြင်းဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထူထောင်ခဲ့တဲ့ ခေါင်းဆောင်များသာမက၊ ဒီမိုကရေစီလှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့ ပထမမျိုးဆက်များအားလုံးရဲ့ ဂုဏ်ရောင်ပဲဖြစ်ပါတယ်။

ဒီနေရာမှာ၊ နိုင်ငံတော်သမ္မတတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့တဲ့ အနားယူသွားသောသမ္မတကြီး ဦးထင်ကျော်ကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောပါရစေ။ နိုင်ငံ့တာဝန်များကို လက်ဆင့်ကမ်းရာမှာ လူဟောင်း၊ လူသစ်နှစ်ဦး ဂုဏ်သိက္ခာရှိစွာ လုပ်ဆောင်ခြင်းဟာ ပြည်သူကို လေးစားရာ၊ နိုင်ငံကို တန်ဖိုးထားရာရောက်တာကြောင့် ကျွန်မတို့အားလုံး နှစ်ထောင်းအားရဖြစ်ကြရပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်က ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုပြီး ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ ကျွန်မတို့အစိုးရရဲ့ ဦးစားပေးရည်မှန်းချက် ပန်းတိုင်တွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာ ပါပါတယ်။ ကျွန်မတို့အစိုးရရဲ့ ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စတွေကိုလည်း ချပြသွားခဲ့ပါတယ်။

အကယ်၍ သေချာစွာနားမထောင်ခဲ့ကြရင် ပြန်ဖတ်ကြပါ။ "သမ္မတကြီးရဲ့မိန့်ခွန်းက အရေးကြီးပါတယ်။"

ကျွန်မတို့တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်စေဖို့ စတင် ရုန်းကန်နေရတဲ့အချိန်မှာ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းမှာ တာဝန်သိစွာဖြင့် ရပ်တည်နိုင်ရန် အရေးကြီးကြောင်းကို နားလည်အသိအမှတ်ပြုတာနဲ့ အလျောက်၊ ကျွန်မတို့တွေဟာ ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ လိုအပ်ချက်များနဲ့ ကိုက်ညီစွာလျှောက်လှမ်းရင်းနဲ့ပဲ၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အမြင်၊ သဘောထားတွေကိုလည်း အလေးပေးဆောင်ရွက်ရပါတယ်။ အတိတ်ကကျန်ခဲ့တဲ့အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေသင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေအများကြီး ရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြား ဆိုးရွားတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူးဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံးသင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။ ဒါကြောင့် ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်အတွက် ကျွန်မတို့ အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေး တည်ဆောက်ရာမှာ စုပေါင်းအင်အားဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများငြိမ်းအေးစေဖို့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို စုပေါင်းအင်အားနဲ့ ခိုင်မာအောင်ဆောက်တည်နိုင်ပါတယ်။ ပြည်သူများက အစိုးရရဲ့ငြိမ်းချမ်းရေး ကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)လုပ်ငန်းတွေ ဖြစ်မြောက်အောင်မြင်စေဖို့လည်း လူငယ်များ ကူညီပါဝင်နေတာကြောင့် အင်မတန်ကိုအားတက်ရပါတယ်။ ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။ ကမ္ဘာကအာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက၊ ကျွန်မတို့နိုင်ငံတစ်ဝန်းမှာ၊ အားလုံးရုပ်ပိုင်း၊ စိတ်ပိုင်းလုံခြုံ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

ကျွန်မတို့ အစိုးရရဲ့ အဓိကရည်မှန်းချက်တွေထဲမှာ ပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးလည်းပါပါတယ်။ ဒီရည်မှန်းချက် ဘယ်လောက်အထိ ဖြစ်မြောက်အောင် စွမ်းဆောင်နိုင်တယ်ဆိုတာ တကယ်တော့ ပြည်သူတွေကပဲ ဆုံးဖြတ်နိုင်ပါတယ်။ လမ်းတွေ ဘယ်နှမိုင်ဖောက်နိုင်ခဲ့တယ်၊ တံတားတွေဘယ်နှခု တိုးတက်လာတယ်၊ လျှပ်စစ်မီးရသွားတဲ့ ကျေးရွာတွေ၊ မြို့တွေ ဘယ်လောက်များလာတယ်၊ စသဖြင့်. . . မွေးကင်းစမိခင်နဲ့ ကလေးဆုံးရှုံးမှုနှုန်းက ဘယ်လောက်မြင့်နေသေးတယ်၊ ရင်းနှီးမြှုပ်နှံမှုဘယ်လောက်နည်းနေသေးတယ်၊ ငွေကြေးဖောင်းပွမှု ဘယ်လောက်ရှိနေသေးတယ်. . . ဒါတွေ၊ ဒါတွေကို ကိန်းဂဏန်းတွေနဲ့ ပြည်သူတွေကို တာဝန်သိစိတ်နဲ့ ပွင့်လင်းမြင်သာမှုကို အလေးထားတဲ့ အစိုးရပီပီ စဉ်ဆက်မပြတ် အသိပေးဖို့ ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားထားပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ကိန်းဂဏန်းနဲ့ ပြည့်စုံအောင်ဖော်ပြလို့မရပါဘူး။ တစ်ခါတလေလည်း အဖွဲ့အစည်းများအကြား ကိန်းဂဏန်းတွက်ချက်မှုမတူတာကြောင့် အဖြေမှန်ကို သိဖို့ခက်ပါတယ်။ ကိန်းဂဏန်းတွေကပြနေတဲ့ အခြေအနေတွေဟာ ပြည်သူများရဲ့ လူမှုဘဝစီးပွားအပေါ် ဘယ်လောက်အစစ်အမှန် သက်ရောက်မှုရှိလဲဆိုတာကသာ အဓိကပါ။ ဥပမာ၊ ယခင်နှစ်အတွင်းမှာ ကျွန်မတို့ ပြည်ပဆန်တင်ပို့မှုဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း အမြင့်မားဆုံးအဆင့်ရောက်သွားပါတယ်။ ဒီတိုးတက်မှုဟာ ကျွန်မတို့ တောင်သူလယ်သမားများဘဝအပေါ် ဘယ်လို အကျိုးသက်ရောက်မှုရှိလဲဆိုတာကတော့ ဒါကအဓိကပါ။ ဒါတွေကို ဆန်းစစ်ပြီးမှ ကျွန်မတို့ရဲ့ မူဝါဒ၊ လုပ်ဆောင်မှုတွေကို ချမှတ်ရင်ဆိုင်မှာပါ။ လာမယ့်နှစ်အတွင်း ပြည်သူပြည်သားများအတွက် အမှန်တကယ် အကျိုးဖြစ်စေမယ့် ဆောင်ရွက်မှုများကို ထပ်မံသတ်မှတ်ပြီး၊ နှစ်သစ်ကူးချိန်မှာ ချပြသွားမှာ ဖြစ်ပါတယ်။

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့၊ ဂိုဏ်းဂဏ စိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ ပြည်သူများအကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့၊ ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက်အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၊ အနီးအဝေး ရောက်ရှိနေတဲ့ ကျွန်မတို့ နိုင်ငံ့သားသမီးများ၊ ကျွန်မတို့နိုင်ငံအပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာထားသူများနဲ့တကွ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ၊ ဘေးအန္တရာယ်အမျိုးမျိုး ကင်းဝေးကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနှေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# စုပေါင်းအင်အား

✻ နိုင်ငံတစ်ခု၊ တိုးတက်မှု၌
ပေါင်းစုချိတ်ဆက်၊ ပြည်သူ့လက်ကား
ပန္နက်အုတ်မြစ်၊ သန္နေစစ်တည့်။
✻ စုပေါင်းအင်အား၊ စွမ်းပကားဖြင့်
စိတ်အားထက်သန်၊ ဆောင်ရွက်မှန်သော်
နိုင်ငံဖွံ့ဖြိုး၊ အလုတိုး၍
အမျိုးသိက္ခာ၊ ဂုဏ်ထည်ဝါလိမ့်။
✻ ခေါင်းဆောင်သည့် "မင်း"၊ ဖြောင့်မတ်ခြင်းနှင့်
ထိုးထွင်းမြော်မြင်၊ ခေတ်ကိုယှဉ်လျက်
ဆင်ခြင်သတိ၊ အစဉ်ရှိစွာ
ပြည်၏ ဂုဏ်သိန်၊ တိုးမြှင့်ချိန်၌
ကိုယ့်အိမ်ကိုယ့်ရာ၊ ပြည်မြန်မာတွက်
ညီညာဖြဖြ၊ တူတကွလျှင်
ကျရာဝန်ထမ်း ရပေမည်။
✻ သြော်. . .ပြည်၏ အင်အား၊ ပြည်သူများမို့
အားများစုပေါင်း၊ ခွန်အားကောင်းစွာ
သောင်း သိန်း သန်း လက်၊ မြဲမြဲဆက်၍
လက်တွဲတူညီ၊ ရှေ့သို့ချီရင်း
နေခြည်အလုစ်၊ ရွှေပြည်သစ်ကို
ထုဆစ်ပုံဖော်ကြပါစို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

# တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၁**

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**သတင်းစဉ်**



# အောင်မြင်ခြင်း ပျိုးပင်လေးတွေ

သိုက်စိုးထွန်း(နတ်ရှာ)

အောင်မြင်ခြင်းဆိုတဲ့စကားလုံးလေးက ကြားရမြင်ရတာနဲ့တင် စိတ်ချမ်းသာစရာကောင်းနေတယ်။ ကြည်နူးစရာ၊ ကျေနပ်စရာကောင်းနေတယ်။ ဒီအသံကို လူတိုင်းကြားချင်ကြတယ်။ လူတိုင်းလူတိုင်းဟာ ဘာပဲလုပ်လုပ် ကိုယ်လုပ်သမျှ ကိုင်သမျှ အရာအားလုံးကို အောင်မြင်ချင်ကြတဲ့သူတွေချည်းပါပဲ။

အောင်မြင်ဖို့အတွက်ဆိုပြီးတော့ ကျားကုတ်ကျားခဲကြိုးစားကြတယ်။ ကြိုးစားရင်းလည်း ပျော်နေတယ်။ မအောင်မြင်ခင်ကြားကာလမှာ ကိုယ်စိတ်ပင်ပန်းမှုတွေလည်း ရှိနိုင်ပေမယ့် ကိုယ်ဟာ အောင်မြင်မှုလမ်းစပေါ်ကို လျှောက်နေတာပါလားဆိုတဲ့ အသိဝင်လာချိန်မှာတော့ စိတ်ကပျော်နေပြန်တယ်။ ပျော်ပျော်ကြီးနဲ့ဆက်ကြိုးစားလို့ အောင်မြင်မှုပန်းတိုင်ကိုရောက်လာပြန်တော့ မအောင်မြင်ခင်က မျှော်လင့်ထားခဲ့တာထက်ကို ပိုပြီးတော့ ပျော်ရပြန်တယ်။

အောင်မြင်ခြင်းမှာ ကောင်းကျိုးတွေ ရှိသလိုမျိုး မအောင်မြင်ခြင်းမှာကျတော့ ဆိုးကျိုးတွေရှိနေတယ်။ အလုပ်တစ်ခုကို သူငယ်ချင်းနှစ်ယောက် သုံးယောက်ဖြစ်စေ၊ အဖွဲ့အစည်းနှစ်ဖွဲ့ သုံးဖွဲ့ဖြစ်စေ၊ ဒီထက်ပိုလို့ဖြစ်စေ အတူတူတစ်ပြိုင်တည်းကြိုးစားကြတယ်။ အချိန်ကာလတစ်ခုမှာ တစ်ယောက်ယောက်က၊ တစ်ဖွဲ့ဖွဲ့က အောင်မြင်မှုကို ရသွားတယ်ဆိုပါစို့၊ မအောင်မြင်တဲ့သူရဲ့ စိတ်ထဲမှာ စနိုးစနောင့်၊ အဖုအထစ်လေးတွေဖြစ်လာတယ်။ တစ်ဖက်လူရဲ့အောင်မြင်မှုကို လှိုက်လှိုက်လှဲလှဲ အသိအမှတ်မပြုနိုင်ဘူး။ ဝမ်းသာအယ်လဲမဖြစ်လာနိုင်တော့ဘူး။ ဂုဏ်ယူပါတယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်လို့ လောကွတ်စကားတွေနဲ့ ဂုဏ်ပြုပြောကြားဖြစ်လိုက်ပေမယ့် တကယ့်စိတ်ရင်းအမှန်ကတော့ သိပ်ပြီးတော့ ဝမ်းမသာနိုင်ဖြစ်သွားတတ်တယ်။ ဒါကို ဣဿာလို့ခေါ်သတဲ့။

ဆရာတော်ကြီးတစ်ပါးကတော့ ဣဿာကို အလွယ်အကူဆုံး၊ အရိုးရှင်းဆုံးဖွင့်ဆို ရှင်းပြတော်မူခဲ့ပါတယ်။ ကိုယ့်အိတ်ထက် သူ့အိတ်က သာသွားတဲ့အချိန်မှာ ဣဿာတွေ ဖြစ်တတ်တာပါပဲတဲ့။ ဒီဣဿာဆိုတဲ့ မနာလိုစိတ်ကလည်း အချင်းချင်းတွေကြားမှာမှ ပိုပြီးဖြစ်တတ်တာနဲ့တူပါရဲ့။ ဥပမာဆိုပါတော့၊ ကမ္ဘာ့အဆင့်သုံးလောက် စာရင်းဝင်တဲ့ သူဌေးကြီး တစ်ယောက်စီးပွားရေးတွေတက်ပြီး ကမ္ဘာ့အဆင့်တစ် သူဌေးကြီးအဖြစ် ရပ်တည်သွားနိုင်တယ်ဆိုပါစို့။ ဒီအကြောင်းကို ကြားသိလိုက်ရတဲ့ သာမန်လူတန်းစားတို့အဖို့ ဘာစိတ်ခံစားချက်မှ ထူးထူးခြားခြား ဖြစ်မိမှာမဟုတ်ပါဘူး။ ကိုယ့်နိုင်ငံအတွင်းမှာ ဘယ်သူတော့ ဘယ်လောက်အထိချမ်းသာသွားပြီတဲ့လို့ ကြားလိုက်ရရင်လည်း သိပ်ပြီးတော့ ဝမ်းနည်းဝမ်းသာဖြစ်နေမိမှာမဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်နဲ့ တန်းတူရည်တူ လုပ်ကိုင်စားသောက်နေတဲ့ မိသားစုလေးတစ်စု၊ သူငယ်ချင်းလေးတစ်ယောက်က ကြိုးစားရင်း ကြိုးစားရင်းနဲ့ ကိုယ့်ထက် အများကြီးသာသွားတာမျိုးကို ကြုံရရင်တော့ ဘဝင်မကျတာလိုလို၊ လက်မခံချင်တာလိုလိုနဲ့ အမျိုးအမည်သိပ်မသဲကွဲတဲ့ ဝေဒနာမျိုးတွေ ခံစားမိတတ်ကြပါတယ်။ ကြိုးစားဖော်

> ubjtb0 wpfPav; twifrS ubjfciwhatnijfifl to;Dyifw twuf ygdifuav;awubl tcjpwifyD pbfvbf

ကြိုးစားဖက်တစ်ယောက် အောင်မြင်သွားတာကို ဝမ်းသာအားရ လက်ခုပ်မတီးနိုင်တဲ့အဖြစ်မျိုးတွေ ဖြစ်တတ်ကြပါတယ်။

အမှန်တော့ ဒါကို သိမ်ငယ်စိတ်ဝင်သွားတယ်လို့များ ပြောနိုင်မလားမသိပါဘူး။ တစ်ဖက်လူ အောင်မြင်သွားချိန်မှာ ကိုယ်ကမအောင်မြင်ဘဲကျန်ရစ်တော့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလိုလိုတွေဖြစ်ပြီး ကိုယ့်ဘာသာကိုယ် မကျေမနပ်ဖြစ်ရာကတစ်ဆင့် အောင်မြင်သွားတဲ့သူကို ရမယ်ရှာပြီး မကျေနပ်ဖြစ်သွားကြဟန် တူပါရဲ့။ တကယ်ဆို တစ်ဖက်လူရဲ့ အောင်မြင်မှုကို မုဒိတာပွားနိုင်ကြရမှာပါ။

## ဗြဟ္မစိုရ်တရားလေးပါး

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးရှိတဲ့အနက် မုဒိတာနဲ့ ဥပေက္ခာနှစ်ခုတည်းကိုချည်း ဆွဲထုတ်ကြည့်မယ်ဆိုပါစို့။ လူတစ်ယောက်ဆင်းရဲသွားပြီ၊ ဒုက္ခရောက်သွားပြီလို့ သိလိုက်၊ မြင်လိုက်၊ တွေ့ကြုံလိုက်ရတဲ့အချိန်မှာ သနားကရုဏာစိတ်ကလေးလူတိုင်းလိုလို ခံစားမိသွားတတ်ကြပါတယ်။ အထောက်အပံ့တွေ၊ အကူအညီတွေလည်း ဝိုင်းဝန်းပံ့ပိုးပေးဖို့ ဝန်မလေးတတ်ကြပါဘူး။ ဒါပေမယ့် လူတစ်ယောက် အောင်မြင်သွားပြီ၊ ကြီးပွားသွားပြီဆိုရင်တော့ ဝမ်းမြောက်ဝမ်းသာ မုဒိတာစိတ်ကလေး ဝင်ရမယ့်အစား မနာလိုစိတ်ဣဿာ၊ မစ္ဆရိယစိတ်ကလေးတွေ ဝင်ဝင်သွားတတ်ကြပါတယ်။ သူချမ်းသာသွားတာ ဘယ်လိုလုပ်ငန်းတွေ လုပ်လိုက်လို့ပါကွာဆိုပြီး ကဲ့ရဲ့ချင်တဲ့စကားတွေ၊ ရှုတ်ချချင်တဲ့စကားတွေတောင် ပြောမိတတ်ကြပြန်တယ်။ သူတော်ကောင်းတွေအတွက်တော့ ဒီလိုမဟုတ်ဘူးပေါ့လေ။

ဒီလို ဣဿာဖြစ်ရတဲ့အကြောင်းရင်းကို ပြန်ကောက်ကြည့်လိုက်ရင် ကိုယ်ကသူ့လို မအောင်မြင်တဲ့အတွက်လို့များ ပြောနိုင်မလားမသိပါဘူး။ သူကအင်ဂျင်နီယာပညာနဲ့ အောင်မြင်ကြီးပွားနေတဲ့အချိန်မှာ ကိုယ်ကလည်း အနုပညာတစ်ခုခုနဲ့ ထင်ရှားကျော်ကြားနေပြီဆိုပါစို့။ ဒါဆိုရင်တော့ သူ့အောင်မြင်မှုအတွက် မနာလိုစိတ် သိပ်ပြီးတော့ ဖြစ်လာမှာမဟုတ်ပါဘူး။ အောင်မြင်သူ အချင်းချင်းကတော့ ဂုဏ်လည်းယူနိုင်တယ်၊ ဝမ်းလည်း သာပေးနိုင်ကြတယ်ပေါ့လေ။ ဒီလိုမဟုတ်ဘဲနဲ့ တစ်ဖက်လူအောင်မြင်သွားတဲ့အချိန်မှာ ကိုယ်က ဘယ်ကဏ္ဍမှာမှ မအောင်မြင်လာဘဲ ကျရှုံးသူတစ်ယောက်ဖြစ်နေခဲ့ရင်တော့ စောစောကတင်ပြခဲ့သလို မနာလိုစိတ်ကလေးတွေ ဝင်လာမိတတ်ကြတယ်ထင်ပါတယ်။

အစပြန်ကောက်ရမယ်ဆိုရင်တော့ ဒီလို ဣဿာစိတ်တွေမဖြစ်အောင် သတိထားပြီး ဆင်ခြင်ကြဖို့လိုအပ်နေမှာဖြစ်ပါတယ်။ တစ်ဖက်လူရဲ့ အောင်မြင်မှုအတွက် မနာလိုစိတ်၊ ဝန်တိုစိတ်မဖြစ်ဘဲ ကိုယ်ကလည်း ကိုယ့်နေရာမှာ ကိုယ့်ရပ်တည်ချက်နဲ့ကိုယ်၊ ကိုယ့်ရည်မှန်းချက်နဲ့ကိုယ် အောင်မြင်မှုရအောင် ကြိုးစားသင့်ပါတယ်။ တစ်ဖက်လူရဲ့ အောင်မြင်မှုကိုလည်း လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ဂုဏ်ပြုသင့်ပါတယ်။

တကယ်တော့ လောကမှာ အောင်မြင်မှုဆိုတဲ့ပန်းတိုင်တွေက အများကြီးရှိနေတာပါ။ ကိုယ်လိုချင်တဲ့ အသီးအပွင့်က ဘာလဲဆိုတာကို အတိအကျသိအောင် အရင်ဆုံးလုပ်ကြရမှာပါ။ သိလာတဲ့အသိအတိုင်း ကိုယ့်မျိုးစေ့ကို စိုက်ပျိုးကြရမှာပါ။ ကိုယ့်ပျိုးပင်ကိုယ် ပြုစုပျိုးထောင်ကြရမှာပါ။ လိမ္မော်သီးစားချင်တာကို သံပရာပင်စိုက်နေလို့တော့ ဖြစ်မှာမဟုတ်ပါဘူး။ ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်ချင်လှပါတယ်ဆိုပြီး စာမကြိုးစားဘဲနေလို့တော့ ဖြစ်မှာမဟုတ်ပါဘူး။

## ပြတ်ပြတ်သားသား သိအောင်လုပ်

အောင်မြင်မှုကိုသွားမယ့် ခြေလှမ်းတွေအတွက် ပထမဦးဆုံးလုပ်ရမယ့်ဟာကတော့ ကိုယ်က ဘယ်ဘက်ကို လှမ်းချင်တာလဲဆိုတဲ့အသိကို ပြတ်ပြတ်သားသား သိအောင်လုပ်ဖို့ပါ။ အောင်မြင်မှုဆီကို နှေးနှေးသွားမလား၊ မြန်မြန်သွားမလား၊ အရှိန်က ကိစ္စမရှိပါဘူး။ အဓိကက သွားနေဖို့ပါ။ ဒါပေမယ့် ဦးတည်ရာတော့ မှန်ဦးမှဖြစ်မှာပါ။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးဆိုပေမယ့် ကိုယ်လှမ်းနေတဲ့ တစ်လံတစ်လံက ပုဂံဘက်ကိုဦးမတည်ဘဲ ပဲခူးဘက်ကို လှည့်နေရင်တော့ ပုဂံကိုရောက်မှာမဟုတ်တော့ပါဘူး။

တစ်ကိုယ်တော်ကြိုးပမ်းတဲ့သူတွေအတွက် ဦးတည်ရာပန်းတိုင်တိကျပြတ်သားဖို့အရေးကြီးသလို အစုအဖွဲ့အလိုက် ကြိုးစားကြမယ်ဆိုရင်တော့ ပိုပြီးတော့တောင် အရေးကြီးနေပါသေးတယ်။ ကိုယ့်အဖွဲ့အစည်းက ဘယ်ခရီးကို ချီတက်နေတာလဲ၊ အဖွဲ့အစည်းရဲ့ အဓိကဘုံရည်မှန်းချက်ကြီးက ဘာလဲဆိုတာကို အဖွဲ့သားအားလုံး တိတိကျကျမိမိရရ သိရှိထားကြမှသာ လုပ်ဆောင်ချက်အားလုံးက ဒီရည်မှန်းချက်ဆီကို ဦးတည်နေမှာဖြစ်ပါတယ်။ ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်ဆိုတဲ့စကားရှိပေမယ့် တစ်ဖက်တည်း သက်သက်မတွန်းဘဲ လေးဘက်လေးတန်က ဝိုင်းတွန်းနေကြရင် မခက်ပေဘူးလား။ ဘယ်ဘက်ကိုရွှေ့ရမလဲမသိ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေမှာပေါ့။

အရဲစွန့်ပြီးဆိုလိုက်ချင်တာတစ်ခုက ဦးတည်ရာပန်းတိုင်တွေများပြားလွန်းနေရင်လည်း အောင်မြင်ဖို့က ဝေးနေလိမ့်ဦးမယ်လို့ထင်ပါတယ်။ ပန်းတိုင်အားလုံး ကိုရောက်ဖို့မဖြစ်နိုင်တာလားဆိုတော့လည်း မဟုတ်ပြန်ပါဘူး။ ဒါပေမယ့် ကိစ္စတစ်ခုတည်း၊ လုပ်ငန်းတစ်ခုတည်းကို စူးစူးစိုက်စိုက် ကြိုးပမ်းအားထုတ်လိုက်ရတဲ့ ရလဒ်ထက်တော့ အတက်နှေးနေမှာ၊ အရနှေးနေမှာ သေချာပါတယ်။

လူတစ်ယောက်ရဲ့ ဘဝမှာပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခု အနေနဲ့ပဲကြည့်ကြည့် လိုချင်နေတာတွေကတော့ အများကြီးဖြစ်မှာပါ၊ လိုအပ်နေတာတွေကလည်း အများကြီးရှိမှာပါ။ ဘယ်သူပဲဖြစ်ဖြစ် အလိုဆန္ဒတွေကတော့ အတောမသတ်နိုင်အောင်ကို ရှိနေမှာပဲလေ။ ဒါပေမယ့် ဒီဆန္ဒတွေကိုဖြည့်ဆည်းနိုင်ဖို့ ဆောင်ရွက်ရာမှာ အသုံးပြုရမယ့် လူအင်အား၊ ငွေအင်အား၊ အချိန် စသည်အားဖြင့် အရင်းအမြစ်တွေကတော့ သူ့အကန့်အသတ်နဲ့၊ သူ့အတိုင်းအတာနဲ့သူသာရှိနေတာမို့ လိုချင်သလောက်တော့ ရအောင်လုပ်ဖို့ အခက်အခဲရှိနေမှာပါ။

လိုချင်တာတွေကတော့ အများကြီးရှိနေမှာပါ။ အများကြီးဆိုမှ အများကြီးကိုရှိနေမှာပါ။ အဲဒီ လိုချင်တာတွေအများကြီးရှိတဲ့အထဲကမှ ကိုယ့်အတွက် မရှိမဖြစ်လိုအပ်နေတာကဘာလဲဆိုတာကို အရင်ရှာပြီး ဘာကိုအရင်လုပ်သင့်တယ်ဆိုတာကို တိတိကျကျပိုင်းဖြတ်ရမှာပါ။

ကိုယ်လှမ်းရမယ့်ပန်းတိုင်ကိုသိထားပြီးပြီဆိုရင်တော့ ဘယ်ဟာတွေကို လုပ်ကိုလုပ်ရမယ်ဆိုတဲ့ အချက်တွေက သူ့အလိုလိုသိလာမှာပါ။ ပြီးတော့ ဒီပန်းတိုင်ကိုရောက်အောင် ဘယ်လိုသွားမလဲ။ သွားနိုင်တဲ့ လမ်းကြောင်းတွေကလည်း အများကြီးရှိနေမှာပါ။ လမ်းကြောင်းတွေကို မြင်လည်းမြင်လာမှာပါ။ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဦးတည်ရာ ပန်းတိုင်ချင်းတူတယ်ဆိုဦးတော့ ဒီပန်းတိုင်ကိုရောက်ဖို့က ပြေးလမ်းတစ်ခုတည်းရှိတာမဟုတ်ပါဘူး။ သူလည်း သူ့နည်းသူ့ဟန်နဲ့သူကြိုးစားသလို ကိုယ်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားကြရုံပါပဲ။ အဓိကကတော့ ရိုးရိုးသားသား ဖြူဖြူစင်စင် လျှောက်လှမ်းကြဖို့ပါ။ ကိုယ်ပြေးရမယ့်ရှေ့ကို အာရုံမစိုက်ဘဲ တစ်ဖက်လူ လဲကျအောင် ခြေထိုးတဲ့ လုပ်ရပ်မျိုးတွေ မလုပ်မိဖို့လည်း လိုမှာပါ။ ဒါက တစ်ဖက်လူအတွက်လည်း ထိခိုက်သလို ကိုယ့်အတွက်လည်း မကောင်းနိုင်တဲ့ကိစ္စလေ။

တစ်ဖက်လူရဲ့ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကိုပဲ တစ်ချိန်လုံး မျက်စိဒေါက်ထောက်ကြည့်ပြီး ဝေဖန်ရင်း၊ လေကန်ရင်း ဘေးထိုင်ဘုပြောလုပ်နေရင် ကိုယ့်ဘဝက ဘာမှန်းမသိညာမှန်းမသိ၊ ဝေလေလေ၊ ယောင်ဝါးဝါးနဲ့ အချိန်ကုန်သွားတတ်တယ်ဆိုတာကိုလည်း သတိလေးထားပြီး မဖွဲ့မစောင်းကိုယ့်လမ်းကြောင်းကိုသာ ခရီးနှင်နေသင့်ပါတယ်။

## ယုံကြည်မှုတွေ ပျောက်ဆုံး

အောင်မြင်ဖို့လိုအပ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အောင်မြင်မှု၊ မအောင်မြင်မှုတွေဟာ တူရာတူရာကို မျိုးတူစု၊ အဖော်ရှာပြီး စုပြုံတိုးတတ်ကြတဲ့သဘောလေးတွေကလည်း ရှိနေဟန်တူပါရဲ့။ လူတစ်ယောက်က ဒီကဏ္ဍမှာ ကျရှုံးသွားပြီဆိုတာနဲ့ ဟိုဘက်ကဏ္ဍမှာလည်း မအောင်မမြင်တွေက ဖြစ်သွားတတ်ပြန်ပါတယ်။ ဟိုဟာလေးလုပ်ကြည့်လိုက်၊ မအောင်မြင်တော့ နောက်တစ်မျိုးစမ်းကြည့်လိုက်၊ မအောင်မြင်လိုက်၊ ထပ်ပြောင်းပြန်တော့ ထပ်ပြီးကျရှုံး။ ဒီလိုနဲ့ လုံးလည်ချာလည်တွေလိုက်ကုန်ရော။ ဒါကလည်း ကိစ္စတစ်ခုမှာ မအောင်မြင်ဖြစ်လာရင် စိတ်ဓာတ်တွေယိမ်းယိုင်ပြီး တခြားလုပ်ငန်းအတွက်ပါ အာရုံစူးစိုက်မှုတွေ နည်းလာရာကတစ်ဆင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ပျောက်ဆုံးလာတတ်လို့ လို့ ပြောရမယ်ထင်ပါတယ်။

နေရာတစ်ခုမှာ အောင်မြင်သွားတဲ့သူကျတော့ ဘာပဲလုပ်လုပ် တက်တက်ကြွကြွ လန်းလန်းဆန်းဆန်း၊ အမြဲတမ်းစိတ်သစ်လူသစ်လိုဖြစ်နေပြီး အကြံသစ်၊ ဉာဏ်သစ်တွေဝင်နေတာမို့ ဒါလေးလုပ်လည်း အောင်မြင်၊ ဟိုဟာလေးလုပ်လိုက်လည်း အောင်မြင်နဲ့ အောင်မြင်မှုတွေက ဆက်တိုက်ဆက်တိုက်ဝင်လာတတ်ကြပါတယ်။

ဒီသဘောကိုသိပြီးတော့ ကိုယ်လိုချင်တဲ့ ပန်းတိုင်တစ်ခုအတွက် အောင်မြင်အောင် ကြိုးစားအားထုတ်ကြဖို့ တင်ပြချင်ပါတယ်။ ပြောတော့ အလွယ်လေး၊ မအောင်မြင်ချင်သူဘယ်ရှိပါ့မလဲ၊ လုပ်ကြည့်ပါလားလို့ ပြောချင်ပြောကြမှာပါ။ မှန်ပါတယ်။ မလွယ်ပါဘူး။ အောင်မြင်မှုကို လွယ်လွယ်နဲ့ ရနိုင်တယ်လို့ ဘယ်သူကမှလည်း မပြောခဲ့ကြပါဘူး။ ဒါ့ကြောင့်လည်းပဲ လူနည်းစုသာလျှင် အောင်မြင်မှုတွေ ရနေကြတာဖြစ်ပါတယ်။

## ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ

တကယ်တော့ အောင်မြင်မှုရဖို့မလွယ်ဘူးလို့သာ ပြောကြရတာပါ။ သိပ်အခက်ကြီးလားလို့ ဆိုပြန်တော့လည်း အရမ်းကြီးမခက်လို့သာလျှင် အစကနဦးက သူလိုကိုယ်လိုသမားတွေကတစ်ဆင့် အောင်မြင်သွားတဲ့ သက်သေသာဓကတွေ တစ်ပုံကြီးရှိနေတာလို့ ပြောရမှာပါ။ မလွယ်ပါဘူးကွာဆိုပြီး လက်မှိုင်ချနေလို့ကလည်း အလုပ်မဖြစ်ဘူးလေ။ ဒီတော့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှအားရှိအားကုန်ထုတ်ပြီး သုံးကြရုံရှိတာပေါ့။ ရုန်းကြရုံရှိတာပေါ့။

ဟုတ်ပြီ။ အောင်မြင်တာက ကောင်းတယ်။ ဒါ လူတိုင်းလက်ခံတယ်။ အောင်မြင်တာက ကောင်းသလို မအောင်မြင်တာကလည်း မကောင်းဘူး။ မကောင်းဘူးဆိုတာထက် တစ်ခါတစ်ခါမှာ အန္တရာယ်တောင် ရှိလာနိုင်တယ်လို့ ပြောချင်ပါတယ်။ အောင်မြင်တဲ့သူအပေါ်မှာ မအောင်မြင်တဲ့သူက မနာလိုစိတ်၊ ဣဿာစိတ်တွေ ဝင်တာတွေက လွန်ကဲလာရင်တော့ ပိုပြီးတော့တောင် အခြေအနေဆိုးလာပြီလို့ ပြောရမှာပါ။

ဒီတော့ အောင်မြင်မှုရဲ့ ကောင်းကျိုးနဲ့ မအောင်မြင်မှုရဲ့ ဆိုးပြစ်တို့ကို ချိန်ဆသုံးသပ်ပြီးတော့ အောင်မြင်မှုဆီကို တရွေ့ရွေ့ဦးတည်ချီတက်ကြမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်မှာပါ။ တကယ်ဆို ဘဝက တိုတိုလေးပါ။ ကမ္ဘာကြီးရဲ့ဖြစ်တည်မှုကာလနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လိုက်မယ်ဆိုရင် လူတစ်ယောက်ရဲ့ သက်တမ်းဖြစ်တဲ့ နှစ်ခုနှစ်ဆယ်၊ ရှစ်ဆယ်၊ တစ်ရာဆိုတာ ဘာမှကြာလှတဲ့ အချိန်ကာလမဟုတ်ပါဘူး။ ဘဝရဲ့ တိုတောင်းမှုကို သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာလို့တောင် တင်စားဖွဲ့နွဲ့မှုရှိခဲ့တယ်လေ။ ဒီလို တစ်ခဏလေးအတွင်းမှာ ဝေလေလေ တွေးနေ၊ ငေးနေဖို့အချိန်ဆိုတာ ရှာမရလောက်အောင်ကို နည်းလှပါတယ်။

အဲဒီရေပွက်ပမာလေးကိုပဲ အသုံးပြုမှုအပေါ်မူတည်ပြီးတော့ပဲ အောင်မြင်မှု၊ ကျရှုံးမှုတွေက ဖြစ်တည်လာကြရတာပါ။ ဒီတော့ တစ်ဘဝလုံးမှ တစ်ခဏလေးလို့ပြောကြတဲ့အတွက် အောင်မြင်မှုဆီကိုသွားဖို့က အချိန်သိပ်ဆိုင်းနေလို့မဖြစ်တော့ပါဘူး။ ဟိုဟာလုပ်ရကောင်းမလား၊ ဒါလုပ်ရကောင်းမလားရယ်လို့ တွေဝေငေးမောရင်းနဲ့ သိပ်ကြာကြာစောင့်နေလို့လည်း ဖြစ်မယ်မထင်ပါဘူး။ ပြီးတော့ ဘယ်ရည်မှန်းချက် ပန်းတိုင်ပဲဖြစ်ဖြစ် ဒီကနေ့လုပ်၊ ဒီကနေ့ဖြစ်၊ အခုဆိုအခုချက်ချင်းရတာမျိုးကလည်း ဘယ်မှာမှမရှိပါဘူး။

ပျိုးပင်လေးတစ်ပင်စိုက်လိုက်တယ်။ သေမလား၊ ရှင်မလား၊ ပွင့်မလား၊ သီးမလားဆိုတာကတော့ သေချာပေါက်မပြောနိုင်ဘူး။ ဘယ်သူမှလည်း အတိအကျမပြောနိုင်ဘူး။ သူရှင်သန်ကြီးထွားဖို့အတွက် ရေတွေ၊ လေတွေ၊ မြေတွေ၊ ပတ်ဝန်းကျင်တွေလိုလိမ့်မယ်။ ပြုစုပျိုးထောင်နိုင်မှုအပေါ် မူတည်ပြီးတော့ ဒီအပင်ရဲ့ အခြေအနေက ပြောင်းလဲသွားလိမ့်မယ်။ ဒါပေမယ့် သေချာတာတစ်ခုတော့ရှိပါတယ်။ လုံးဝမစိုက်ရင်တော့ လုံးဝပေါက်လာမှာမဟုတ်သလို သီးလာ၊ ပွင့်လာမှာလည်း မဟုတ်ပါဘူး။

ဒါ့ကြောင့် ကိုယ့်ဘဝတစ်ခဏလေးအတွင်းမှာ ကိုယ်ရချင်တဲ့အောင်မြင်မှုအသီးအပွင့်တွေအတွက် ပျိုးပင်ကလေးတွေကို အခုပဲစတင်ပြီး စိုက်လိုက်ပျိုးလိုက်ကြရအောင်ပါလို့ တိုက်တွန်းလိုက်ပါရစေခင်ဗျာ။ ။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထောက်ခံကြိုဆိုပွဲ ရန်ကုန်မြို့၌ပြုလုပ်

**ရန်ကုန် မေ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထောက်ခံကြိုဆိုပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့၌ ပြုလုပ်သည်။

ရှေးဦးစွာ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားမှူးက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက ယခုကဲ့သို့ ထောက်ခံရမှုနှင့်ပတ်သက်၍ ဟောပြောမှုများ ပြုလုပ်ကြသည်။

အလားတူ ရန်ကုန်မြို့ရှိ ရပ်ကွက်အချို့တွင်လည်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ကြိုဆိုထောက်ခံသောအားဖြင့် ပြည်သူများက စတုဒိသာများ ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**






# မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၅) ရပ်ကွက် ငါးဆူတောင်ကျေးရွာ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ဂုဏိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီတို့ကို အမှူးထား၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ အကျိုးတော်ဆောင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တ ဂုဏိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ ဧည့်ပရိသတ်များက ဩဝါဒကထာနာယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဓမ္မာရုံမတည်အလှူရှင်များဖြစ်ကြသော အလှူရှင်ဒေါ်တင်တင်ဝင်း(ခ) ဒေါ်ချောချောမိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် မြင့်မြတ်အလင်းရိပ်သာ ဓမ္မာရုံမတည်အလှူရှင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီ ဓမ္မာစရိယ၊ ဝိနယဝိဒူထံမှ အနုမောဒနာ ရေစက်ချတရားနာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အစားအသောက်များတွင် ဘေးအန္တရာယ်ဖြစ်စေသည့် ဖော်မလင်အသုံးပြုခြင်းကို အမြစ်ပြတ်အောင် လုပ်ဆောင်သွားမည်

**ရန်ကုန် မေ ၁**

ဈေးကွက်အတွင်းရောင်းချနေသည့် အစားအသောက်များတွင် လူကိုဘေးအန္တရာယ်ဖြစ်စေသည့် ဖော်မလင်အသုံးပြုခြင်းကို အမြစ်ပြတ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက ပြောသည်။

မတ် ၃၁ ရက်က ရန်ကုန်မြို့ မင်းကျောင်းလမ်းရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲတွင် ပြုလုပ်သည့် မုန့်ဖုတ်များတာရှည်ခံစေရန်အတွက် ခွင့်ပြုအစားအသောက် တာရှည်ခံပစ္စည်း အသုံးပြုပုံလက်တွေ့သရုပ်ပြပညာပေးဟောပြောပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"အစားအသောက်တွေမှာ ဖော်မလင်တွေထည့်ပြီးတော့ တာရှည်ခံအောင် ပြုလုပ်တဲ့ကိစ္စကိုအမြစ်ပြတ်အောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ လက်တွေ့ပညာပေးမှုတွေ၊ ဟောပြောပွဲတွေ၊ အရေးယူမှုတွေလုပ်တော့ အခုဆိုဈေးကွက်ထဲမှာ ဖော်မလင်သုံးတာ မတွေ့ရတော့ဘူး၊ လိုက်နာမှုရှိနေပြီ၊ အောင်မြင်မှုရလာပြီ၊ အဲဒီလိုအချိန်မှာ ပိုပြီး ဖိဖိစီးစီးလုပ်လိုက်ရင် ဖော်မလင်ကိစ္စဟာ အမြစ်ပြတ်သွားလိမ့်မယ်လို့ ယုံကြည်တယ်"ဟု ဒေါက်တာသန်းထွန်းက ပြောသည်။

အဆိုပါ လက်တွေ့ သရုပ်ပြပညာပေးဟောပြောပွဲတွင် တက်ရောက်လာသည့် လုပ်ငန်းရှင်များအား မုန့်ဖုတ်များတွင် တာရှည်ခံပစ္စည်းအဖြစ် အသုံးပြုသည့် ဖော်မလင်အစား ကျန်းမာရေးအတွက်ဆိုးကျိုးမဖြစ်စေသည့် အစားအသောက်များ တာရှည်ခံစေရန် ပိုတက်ဆီယမ်ဆောဘိတ်၊ ဆိုဒီယမ်ဘန်ဇိုအိတ်တို့ကို သတ်မှတ်ထားသော အညွှန်းများအတိုင်း အသုံးပြုနိုင်ရန် FDAမှ ဝန်ထမ်းများက စမ်းသပ်ထုတ်လုပ်ထားမှုကို လက်တွေ့သရုပ်ပြသရှင်းလင်းခဲ့ကြောင်း သိရသည်။

"သူတို့ဖော်မလင် ဘာကြောင့်သုံးလဲ တာရှည်ခံချင်လို့သုံးတယ်၊ စီးပွားရေးအရ တွက်ခြေကိုက်ချင်လို့သုံးတယ်၊ သုံးရက်ခံမယ့်အစား ခြောက်ရက်ခံရင် စီးပွားရေးက တွက်ခြေကိုက်တယ်၊ သူတို့ရည်ရွယ်ချက်က ဒါပဲ၊ အခုကျွန်တော်တို့က နိုင်ငံတကာမှာကျင့်သုံးတဲ့ ခွင့်ပြုထားတဲ့ လူခန္ဓာကိုယ်ကို အနှောင့်အယှက်မပေးမယ့်၊ ဒုက္ခမပေးမယ့် အစားအသောက်တာရှည်ခံ ဓာတုပစ္စည်းတွေ၊ဒါတွေကို ကျွန်တော်တို့က သေချာလေ့လာပြီးတော့မှ မုန့်ဖုတ်ဖိုတစ်ခုမှာ လက်တွေ့စမ်းသပ်ပြီးမှ ဖော်မလင်အစား ဒါတွေသုံးရင် အန္တရာယ်ကင်းတယ် တာရှည်ခံတာလည်း အတူတူပဲ၊ ပိုက်ဆံလည်းအများကြီးမကုန်ဘူးဆိုတာကိုဖြန့်ဝေပေးတာပါ" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက ပြောသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနက ရှင်းလင်းပြသပေးခဲ့သည့် ဖော်မြူလာများသည် တစ်ကမ္ဘာလုံး၌ ကျင့်သုံးနေသည့်ဖော်မြူလာများဖြစ်ပြီး FDA မှ စားသုံးသူများအတွက်လုံခြုံစိတ်ချရမှုရှိမရှိ တစ်နှစ်နီးပါး စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့သည့်အပြင် ဖော်မြူလာများတွင် သတ်မှတ်ထားသည့်သုံးစွဲရမည့် ပစ္စည်းရာခိုင်နှုန်းထက် တစ်ဝက်ခန့်သာ သုံးစွဲထားသည်ဖြစ်ရာ စားသုံးသူများအတွက် လုံခြုံစိတ်ချမှုပေးနိုင်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ သိရသည်။

"ဒါကို လက်တွေ့လုပ်ပြပြီးပြီဆိုတော့ လိုက်နာ၊ မလိုက်နာကြည့်ရမယ်၊ မလိုက်နာဘူးဆိုရင်တော့ ပိုမိုပြီးတင်းကျပ်တဲ့ ဥပဒေနဲ့ အရေးယူသွားဖို့ရှိပါတယ်၊ ကျွန်တော်တို့ဌာနက မိမိလုပ်ရမယ့် အတိုင်းအတာထက်ကျော်လွန်ပြီးလုပ်ပေးတယ်၊ လုပ်ငန်းရှင်များအနေနဲ့ကလည်း မိမိထုတ်တဲ့ပစ္စည်းကို မိမိတာဝန်ယူပြီး အများပြည်သူအတွက် လုံခြုံစိတ်ချရတာဖြစ်အောင် တာဝန်ယူကြပါ"ဟု ၎င်းကပြောသည်။

ဖော်မလင်ကို ဆေးရုံများတွင် အသုံးပြုရန်နှင့် လူသေအလောင်းများ ပုပ်သိုးမှုမရှိစေရေး စီမံရာတွင် သုံးရန် ထုတ်ထားခြင်းဖြစ်ပြီး ဖော်မလင်ပါသော အစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ သတိလစ်ခြင်း၊ အစာအိမ်ရောဂါ၊ ကျောက်ကပ်ရောဂါအပါအဝင် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ **သီသီမင်း**

# မိုးယွန်းကြီးအင်းတွင် ငှက်မျိုးစိတ်ကျရောက်မှုမှာ ယခင်နှစ်ထက်ပို

**ပဲခူး မေ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာအတွင်း ယခုနှစ်ကျရောက်ကျက်စားသည့် ငှက်မျိုးစိတ်မှာ ယမန်နှစ်အလားတူ ကာလထက် ပိုမိုခဲ့ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး တောအုပ်ဦးစိုင်းဝဏ္ဏကြည်ထံမှ သိရသည်။

အဆိုပါဒေသတွင် ယခုမတ်လကုန်အထိ အဓိကတွေ့ရှိသော ဆောင်းခိုငှက်နှင့် ဌာနေငှက်များမှာ တလိုင်းခေါင်း၊ မြစ်တွေး၊ သောင်တင်ငှက်၊ ငှက်တော်၊ စစ္စလီကြီး၊ ငှက်ကျား၊ ဘဲရစ်၊ ဒုံး၊ ခရုတုတ်၊ ခရုစုပ်ခေါင်းမဲ၊ ခရုစုပ်၊ စစ္စလီ၊ ကရကတ်၊ ကျွဲကျောင်းဗျိုင်း၊ သာယာဝတီဗျိုင်း၊ မယ်ညိုစသော မျိုးစိတ်များကို ရာနှင့်ချီသောအုပ်စုများအဖြစ် တွေ့ရှိခဲ့ရပြီး အခြားရှားပါးငှက်မျိုးစိတ်များ ပါဝင်သည်။ ယခုကောက်ယူရရှိသည့် စာရင်းများအရ ဆောင်းခိုငှက် ၄၁ မျိုး၊ ဌာနေငှက် ၆၆ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၁၀၇ မျိုးမှ ငှက်ကောင်ရေ ၃၄၅၆၀ ကျရောက်ကျက်စားကြောင်းသိရသည်။

"ဒီအင်းထဲမှာ မနှစ်က ဖေဖော်ဝါရီနဲ့ မတ်လမှာ



ငှက်မျိုးစိတ် ၁၀၂ မျိုးပဲ တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တာ၊ ဒီနှစ်ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာဆို ၁၁၄ မျိုးထိတောင် မှတ်တမ်းတင်နိုင်ခဲ့တယ်၊ ယခု မတ်လကုန်မှာတော့ ၁၀၇ မျိုးတွေ့ရှိထားတယ်၊ မနှစ်က မျိုးစိတ်ကျရောက်မှုနဲ့ နှိုင်းယှဉ်ရင် ဒီနှစ် ပိုမိုကျရောက်ကျက်စားလာတယ်၊ ဒီလိုကျရောက်ကျက်စားတာကလည်း နေရင်းဒေသကောင်းမွန်မှုနဲ့ အစာပေါတာရယ်၊ ငှက်တွေအနှောင့်အယှက်ကင်းတာရယ်ကြောင့် ဖြစ်တယ်၊ ဒီလိုမျိုးစိတ်တွေ အများအပြား တွေ့ရတဲ့အတွက် ငှက်တွေအတွက် မိုးယွန်းကြီးအင်းက ဟင်းအိုးကြီး ဖြစ်တယ်" ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး တောအုပ်ဦးစိုင်းဝဏ္ဏကြည်က ပြောသည်။

မိုးယွန်းကြီးအင်းသည် ဧရိယာစတုရန်းမိုင် ၄၀ ကျယ်ဝန်းကာ ရန်ကုန်မြို့နှင့် မိုင် ၇၀ ခန့် ကွာဝေးပြီး ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းတည်ရှိသည်။

အဆိုပါအင်းကို ၁၈၇၈ ခုနှစ်က ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း နွေရာသီသစ်ဖောင်များ ရေမျှောရန်အတွက် မိုးယွန်းကြီးရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ပြီး နိုင်ငံတကာရေဝပ်ဒေသထိန်းသိမ်းရေးအဖွဲ့(Ramsar Convention)မှ မြန်မာနိုင်ငံတွင် အရေးကြီးထိန်းသိမ်းရမည့် နေရာတစ်ခုအဖြစ် သတ်မှတ်ထားသည်။

မိုးယွန်းကြီးအင်းတွင် လာရောက်အပန်းဖြေသူများ နားခိုရန်အတွက် Family Room တည်းခိုခန်းများ၊ လှေပုံသဏ္ဍာန် ရေပေါ်အိမ် Boat House များ၊ စားသောက်ဆိုင်နှင့် နားနေခန်းများ၊ ရေဝပ်ဒေသဆိုင်ရာ ပညာပေးပြခန်းများ ထားရှိမှုကို တွေ့မြင်ရသည့်အပြင် ငှက်မျိုးစိတ်များ၊ ကုန်းနေရေနေသတ္တဝါများ၊ အင်းဆက်များ၊ ငါးမျိုးစိတ်များ သဘာဝနေထိုင်မှုများကို အလွယ်တကူလေ့လာနိုင်ရန် လှေဝန်ဆောင်မှုများပါ စီစဉ်ပေးထားလျက်ရှိသည်။

**ရန်အောင်ထွန်း**
**ပိန်းဇလုပ်သိန်းညွန့်**

# စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းပေါ်ရှိ တံတားငါးစင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**စစ်တွေ မေ ၁**

ရခိုင်ပြည်နယ် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတားငါးစင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်ချောင်းတံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ်သည် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့် ပြည်နယ်တစ်ခုဖြစ်ခဲ့ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ လျှပ်စစ်အလုံအလောက်မရရှိခြင်း စသည့်အဟန့်အတားများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် ဖွံ့ဖြိုးမှုနောက်အကျဆုံး ပြည်နယ်ဖြစ်ခဲ့ပါကြောင်း။

ယနေ့တွင် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော လမ်းပေါ်ရှိ အဓိကကျသော တံတားကြီး ငါးစင်းကို ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် အလွန်အရေးပါသည့်လမ်းဖြစ်ပါကြောင်း၊ ယင်းတံတားငါးစင်း ဖွင့်လှစ်ပေးနိုင်သည့်အတွက် စစ်တွေမှ မောင်တောအထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ပြည်နယ်တစ်ခု၊ ဒေသတစ်ခု၊ မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတား၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ယနေ့တွင် တံတားငါးစင်း ဖွင့်လှစ်ပေးနိုင်သည့်အပြင် ရသေ့တောင်မြို့နယ်အတွက် ၂၄ နာရီ မီးပေးနိုင်ပြီဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် လမ်း၊ တံတား၊ လျှပ်စစ် အထောက်အပံ့များကို အသုံးချပြီး မိမိဘဝတိုးတက်အောင်၊ မိမိမြို့နယ်၊ ပြည်နယ်တိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း၊ နိုင်ငံတော်နှင့် ရခိုင်ပြည်နယ်အတွက် ကြီးမားသည့် စိန်ခေါ်မှုများရှိနေသည့် ယခုကာလတွင် မိမိတို့အားလုံး စည်းလုံးရန်၊ ညီညွတ်ရန်၊ သွေးစည်းကြရန် လိုအပ်ပါကြောင်း၊ သွေးစည်းညီညွတ်သည့်အင်အားဖြင့် ပြဿနာများကို ရင်ဆိုင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့သည် ရခိုင်ပြည်နယ်အတွက် မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအဖွဲ့သက်တမ်း နှစ်နှစ်ပြည့်သည့် အခါသမယတွင် ရခိုင်ပြည်နယ်အတွက်အရေးပါသည့် ဘူးသီးတောင်-မောင်တောဒေသကို မော်တော်ကားလမ်းဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်အောင် ဆောင်ရွက်ခဲ့သည့် လမ်းနှင့်တံတားများ ပြီးစီးပြီဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လုံခြုံမှုရှိမှသာ ဒေသတွင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများ ကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်သို့ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ဝင်ပေါက်လမ်းလေးလမ်းဖြစ်သည့် ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း၊ ကျောက်တော်-ပလက်ဝလမ်းတို့ကို အဆင့်မြှင့်တင်လျက်ရှိပြီး တံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘူးသီးတောင်-မောင်တောဒေသကို စစ်တွေမှ ရန်ကုန်လမ်းခရီးဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်အောင် ဦးစားပေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်နှင့် တောင်ပြိုလက်ဝဲမြို့များ လမ်းပန်းဆက်သွယ်ရေး လုံခြုံမြန်ဆန်စေရန် မောင်တော-အလယ်သံကျော်-အငူမော်လမ်း၊ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်း၊ မောင်တော(ကြိမ်ချောင်း)တောင်ပြိုနယ်စပ်ခြံစည်းရိုး ချဉ်းကပ်လမ်း၊ ရသေ့တောင်-ဘူးသီးတောင်လမ်းများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေယုတောင် အရှေ့ဘက်လမ်းမကြီးဖြစ်သည့် ၄၆ မိုင် ၅ ဖာလုံအရှည်ရှိ ဘူးသီးတောင်-သပိတ်တော်-ညောင်းချောင်း-အောင်ဇေယျ(အငူမော်)လမ်းကို အမာခံလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး အဆိုပါလမ်းတစ်လျှောက်ရှိ ရေပွန်နှင့် တံတားကြီး၊ ငယ် ၄၉ စင်းကို တစ်ပါတည်း တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ တံတားဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် တံတားကြီး ၅၂ စင်း တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ပေ ၁၈၀ နှင့်အထက် တံတား ၁၃ စင်း တည်ဆောက်လျက်ရှိရာ ယနေ့ဖွင့်လှစ်လိုက်သည့် ပေ ၈၈၀ အရှည် ရသေ့တောင်တံတားနှင့်အတူ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းပေါ်ရှိ သောင်းဒရားချောင်းတံတား ပေ ၅၀၀၊ ငစံပေါ်တံတား ပေ ၂၁၀၊ ရွာဟောင်းချောင်း တံတား ပေ ၂၈၀၊ စိုင်းဒင်ချောင်းတံတား ပေ ၆၀၀ တို့သည် ပြီးစီးပြီဖြစ်သည့်အတွက် မော်တော်ယာဉ်များ ဖြတ်သန်းအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးသဖြင့် ရခိုင်ပြည်နယ်ကို ဦးစားပေးပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း ခိုင်မာသည့်စီမံချက်များရေးဆွဲပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း ဆောင်ရွက်နေပါကြောင်း၊ လာမည့်နှစ်များတွင်လည်း ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့အားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ယုံကြည်လေးစားမှုဖြင့် ပူးပေါင်းပါဝင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံရပ်မိရပ်ဖတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတားငါးစင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရသေ့တောင်တံတား ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့နှင့်အတူ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် အဆိုပါလမ်းပေါ်ရှိ ရသေ့တောင်တံတား၊ သောင်းဒရားချောင်းတံတား၊ ငစံပေါ်တံတား၊ ရွာဟောင်းချောင်းတံတား၊ စိုင်းဒင်ချောင်းတံတား၊ မောင်တော-အငူမော်လမ်းတို့အား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုသည်။ **သတင်းစဉ်**



**စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းပေါ်ရှိ တံတားငါးစင်း ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၈၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ (၈၁)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ်အခမ်းအနားကို မေ ၁ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)ရှိ စုပေါင်းခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အဖွဲ့ဝင်(ငြိမ်း)များ၊ အဖွဲ့ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အဖွဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ခြင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဝန်ထမ်းလုပ်သက် နှစ် ၃၀ ပြည့်သူများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများသို့ အမှတ်တရလက်ဆောင် ယူနီဖောင်းဝတ်စုံများ ချီးမြှင့်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ခဲ့သော သင်တန်းများ၌ ထူးချွန်ဆုရရှိသူဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်း၊ အဖွဲ့အဆင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ ရေးဖြေစာမေးပွဲ ထူးချွန်ဆုများ ရရှိသူဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်း၊ အားကစား ထူးချွန်ဆုများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက် ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲဆုများ၊ နေပြည်တော်ဝန်ထမ်းအိမ်ရာများတွင် အိမ်ခန်းအလိုက် သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံးဆု ရရှိသူများကို ဆုများချီးမြှင့်ပေးပြီး ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ဇနီးတို့က ချီးမြှင့်သော အထူးကံစမ်းမဲဖောက်သူများကို ဆုများချီးမြှင့်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ ဝန်ထမ်းများအား ကံစမ်းမဲများဖောက်ပေးပြီး အခမ်းအနားကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**✻ ပုဏ္ဏားကျွန်း-ရသေ့တောင်မှ**

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးဟန်ဇော်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒေါက်တာထွန်းနိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်၏ အထက်ပိုင်းတွင်ရှိသည့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများတွင် နေထိုင်ကြသည့်ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှ ရရှိသုံးစွဲနိုင်ရန် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆၄ ဒသမ ၅ မိုင် နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းများအနက် ပထမအဆင့်အနေဖြင့် ၆၆ ကေဗွီပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နှင့် ၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးသွားသဖြင့် ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် နိုင်ငံတော်ဓာတ်အားစနစ်ရောက်ရှိပြီးဖြစ် သည့် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းပင်မ ဓာတ်အားခွဲရုံမှ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆၅ ဒသမ ၁ မိုင် တည်ဆောက်ခြင်း၊ ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံတွင် ၆၆ ကေဗွီ Switch Bay တိုးချဲ့ခြင်း၊ ရသေ့တောင်၊ ဘူးသီးတောင် နှင့် မောင်တောမြို့တို့တွင် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အတွင်း အပြီးတည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသ တစ်ခုလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ယခုစီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းတစ်ခုလုံးအတွက် တည်ဆောက်ရေးကုန်ကျစရိတ် စုစုပေါင်း ကျပ် ၃၀ ဘီလီယံခန့် ကျခံသုံးစွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသည့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နှင့် ပတ်ဝန်းကျင်ဒေသများ အမြန်ဆုံးလျှပ်စစ်ဓာတ်အားရရှိရေး လမ်းညွှန်ချက်အရ စီမံကိန်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၆၆ ကေဗွီပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်၊ ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံ Switch Bay တိုးချဲ့တည်ဆောက်ခြင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရသေ့တောင်မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် လုပ်ငန်းများအားလုံးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အတွင်း ပြီးစီးရန် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အထက်ပိုင်းဒေသကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကြီးနှင့်အတူ ဓာတ်အားဖြန့်ဖြူးရေးလိုင်းနှင့် ထရန်စဖော်မာများကို ဆက်လက်တည်ဆောက်ပေးလျက်ရှိရာ ရသေ့တောင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၉၆ ရွာ၊ အိမ်ထောင်စု ၂၈၅၉၄ စု ရှိသည့်အနက် ကျေးရွာ ၂၆ ရွာ၊ အိမ်ထောင်စုပေါင်း ၅၉၁၈ စု၊ ဘူးသီးတောင်မြို့ ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၃၉ ရွာ၊ အိမ်ထောင်စု ၄၆၁၉၂ စုရှိသည့်အနက် ကျေးရွာ ၁၁ ရွာ၊ အိမ်ထောင်စုပေါင်း ၁၅၆၆ စု၊ မောင်တောမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၄၇ ရွာ၊ အိမ်ထောင်စု ၅၀၀၂၁ စု ရှိသည့်အနက် ကျေးရွာ ၁၅ ရွာ၊ အိမ်ထောင်စုပေါင်း ၂၄၂၂ စု တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဓာတ်အားရရှိသုံးစွဲနိုင်ခြင်းမရှိသေးသည့် ကျေးရွာများကိုလည်း ဓာတ်အားရရှိသုံးစွဲနိုင်အောင် ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အစိုးရသက်တမ်းကာလ နှစ်နှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ တိုးတက်ဆောင်ရွက်ထားရှိမှုအခြေအနေ Video Clip အားပြသပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ နောင်ငါးနှစ်အတွင်း ဓာတ်အားရောက်ရှိနိုင်ခြင်းမရှိသေးသည့် ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောနှင့် စနဲဒေသအချို့တွင် အသုံးပြုရန် တစ်အိမ်ထောင်သုံး ဆိုလာမီးအိမ် ၄၀၀ အား ACCORHOTELS GROUP ၏ တာဝန်ရှိသူက ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေနှင့် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကာ ဓာတ်အားခွဲရုံကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ရသေ့တောင်ဓာတ်အားခွဲရုံမှတစ်ဆင့် ရသေ့တောင်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အားစတင်ပို့လွှတ်ပေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တို့က စက်ခလုတ်နှိပ်၍ ပို့လွှတ်ဖြန့်ဖြူးပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဓာတ်အားခွဲရုံ Switch Yard နှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





ရသေ့တောင်ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

**○ ကျောဖုံးမှ**

အသင်းကြီးများနှင့် တွေ့ဆုံတိုင်း ခပ်မာမာတုံ့ပြန်ကစားလေ့ရှိသည့် ဟံသာဝတီအသင်းသည် ရတနာပုံအသင်းကို အဝေးကွင်း၌ အနိုင်ယူခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် အမာခံကစားသမားအချို့ ဒဏ်ရာနှင့် ပွဲပယ်ပြဿနာ ကြုံတွေ့နေရသည့်အပြင် ကစားသမားများ၏ စွမ်းဆောင်ရည်မှာလည်း သာမန်သာရှိသောကြောင့် ဒုတိယမြောက်ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အသင်းခေါင်းဆောင် ရဲကိုဦး ပွဲပယ်ခံထားရသည့်အပြင် မျိုးကိုထွန်းနှင့် နေမျိုးအောင်တို့ ဒဏ်ရာရနေသောကြောင့် ရတနာပုံအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ပြည့်စုံနိုင်၊ တလွန်ဟုတ်ထန်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ကျန်းမာရေးအခြေအနေကြောင့် ကြံ့ခိုင်မှုမပြည့်ဝသည့် စည်သူအောင်ကို ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။ ဟံသာဝတီအသင်းတွင် ပွဲပယ်ခံထားရသည့် မတ်ခ်မှလွဲ၍ လူစုံခဲ့ပြီး ပထမပိုင်းကတည်းက အပြန်အလှန်ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ရတနာပုံအသင်းက ဂိုးသွင်းခွင့်ပိုရခဲ့သည်။ ဟံသာဝတီအသင်းသည် ပထမပိုင်းတွင် အဝေးကန်ချက်များဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ပြီး ဂိုးရရှိအောင်မစွမ်းဆောင်နိုင်၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက တိုက်စစ်အားမြှင့်လာခဲ့ပြီး ဟံသာဝတီအသင်းက တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ၅၈ မိနစ်တွင် ဟံသာဝတီအသင်းဂိုးရခဲ့ပြီး ထက်လင်းလင်းက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသော်လည်း ရတနာပုံအသင်း အပြောင်းအလဲမလုပ်နိုင်ဘဲ ဟံသာဝတီအသင်းကသာ ဂိုးရနိုင်သည့် အခွင့်အရေးများ ထပ်ရခဲ့သည်။ မိနစ် ၇၀ နောက်ပိုင်းတွင် ရတနာပုံအသင်း ပြန်ဖိကစားလာနိုင်ပြီး ၇၇ မိနစ်တွင် ဝင်းနိုင်ထွန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂိုးသမားမရှိသည့် ဂိုးပေါက်သို့ မြတ်ကောင်းခန့် ကန်သွင်းခဲ့သော်လည်း ဟံသာဝတီနောက်ခံလူ ဖျက်ထုတ်နိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ၇၉ မိနစ်တွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီး နောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာခဲ့ပြီး ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၈၆ မိနစ်တွင် ဂျိုးဇက်က အဝေးမှ ကန်သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက ဧရာဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သောကြောင့် ဖိအားများသွားခဲ့ပြီး အဆင့်(၉)နေရာသို့ ဆင်းပေးခဲ့ရသည်။ ဇွဲကပင်အသင်းသည် ယခုပွဲနိုင်ပွဲကြောင့် အမှတ်ပေးဇယား အဆင့်(၆)နေရာအထိ တက်လှမ်းသွားနိုင်ခဲ့သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၅၈ မိနစ်တွင် သန်းထက်အောင်၊ ၇၁ မိနစ်တွင် စိုင်းမင်းထွန်း၊ ၉၀+၁ မိနစ်တွင် ရန်ကျော်ထွေးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် ရန်ကုန်အသင်းက ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး မကွေးနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်စီ၊ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းက ၁၅ မှတ်စီ၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ ဧရာဝတီနှင့် စစ်ကိုင်းအသင်းတို့က ကိုးမှတ်စီ၊ GFA အသင်းက ခုနစ်မှတ်၊ မြဝတီအသင်းက နှစ်မှတ် ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# နေပြည်တော်ကောင်စီနယ်မြေ၌ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် အဆောက်အအုံများနှင့် ဓာတ်တိုင်များလဲကျပျက်စီး

**နေပြည်တော် ဧပြီ ၁**

နေပြည်တော်ကောင်စီနယ်မြေတွင် မတ် ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် အဆောက်အအုံများနှင့် ဓာတ်တိုင်များ လဲကျပျက်စီးခဲ့ရာ ဇမ္ဗူသီရိမြို့နယ် ရုံးအမှတ်(၄၅)ရှိ အပေါ်ဆုံးထပ် မှုခင်းရဲတပ်ဖွဲ့မှူးရုံး အရှေ့ဘက်ခြမ်းရှိ အလူမီနီယံ ဘောင်ကွပ်မှန်နံရံနှင့် မျက်နှာကြက်များ ကွာကျပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၆၅၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ နေသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၁၃၀၈/၁၃၀၉/၁၃၁၂/ ၁၃၂၈)တို့တွင် သွယ်တန်းထားသော ဓာတ်တိုင် လေးတိုင် (တန်ဖိုးငွေကျပ် ၄၈၀၀၀၀ ခန့်)နှင့် ဓာတ်တိုင် ၄၃ တိုင်(တန်ဖိုး-စိစစ်ဆဲ) လဲကျခဲ့သဖြင့် စုစုပေါင်းဓာတ်တိုင် ၄၇ တိုင် ပျက်စီးခဲ့သည်။ အလားတူ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ရုံး ရှေ့ရှိ ခြံစည်းရိုး အုတ်ရိုး တစ်ကန့်နှင့် သံပန်း သုံးကန့်၊ သစ်ကိုင်းများကျိုးကျမှုကြောင့် စက်မှုဝန်ကြီးဌာနပိုင် 6I/×××× Grand Tiger ယာဉ် ရှေ့ခေါင်းခြမ်း ပျက်စီး(တန်ဖိုး-စိစစ်ဆဲ)၊ ကျန်းမာရေးဝန်ကြီးဌာနပိုင် D/××× Toyota ယာဉ်နောက်လေကာ မှန်ကွဲ၊ နောက်ခြမ်းပျက်စီး (တန်ဖိုးငွေကျပ် နှစ်သိန်းခန့်)ပျက်စီးခဲ့သည်။ ထို့ပြင် Police Box ရှစ်လုံး(တန်ဖိုး-စိစစ်ဆဲ) နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နေအိမ်ခြံစည်းရိုး တစ်ခန်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း တံခါး၊ ဆိုင်းဘုတ်များ လဲကျပျက်စီးခဲ့သည်။

ထို့ပြင် လေ့ကျင့်ရေးကွင်း(၃) ပွဲကြည့်စင်ပြိုကျခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ကားပါကင် အမိုးလန်ပျက်စီး(တန်ဖိုး-စိစစ်ဆဲ)၊ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံလူနာဆောင် အမိုးလန်ပျက်စီးခြင်း၊ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ Police Box တစ်လုံး (တန်ဖိုး-စိစစ်ဆဲ)၊ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ Police Box သုံးလုံး (တန်ဖိုး-စိစစ်ဆဲ) လဲကျပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ နေရောင်ပြအင်းရှိ နေရောင်ပြအင်း ဘုရားထီးတော်မှ စိန်ဖူးတော်မှာကျိုးကျပြီး ငှက်မြတ်နားတော်၊ ဘုံသုံးဆင့် ဟသ်ာရုပ်နှင့် ပန်းလည်တိုင်တို့ အောက်သို့ပြုတ်ကျခဲ့ကြောင်း၊ ညောင်ပင်ကြီးစုကျေးရွာ အုပ်စုရှိ ခြောက်လုံးတန်းအိမ်ရာအနီး နောက်ကျောရှိ ဓာတ်တိုင် လေးတိုင် လဲကျပြီး နှစ်တိုင်ယိုင်နဲ့ခဲ့ရာတန်ဖိုး ငွေကျပ် လေးသိန်းခန့်ဆုံးရှုံးခဲ့ကြောင်း၊ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက်၊ မြို့နယ်တရားရုံးပေါက် လမ်းဘေးရှိ ကွန်ကရစ်လျှပ်စစ်ဓာတ်တိုင် နှစ်တိုင် (တန်ဖိုး- စိစစ်ဆဲ)မှာ လဲကျပျက်စီးခဲ့ကြောင်း ပဏာမစိစစ်မှုအရ သိရသည်။ **သတင်းစဉ်**

**စာအုပ်စာပေ လှူမိတ်ဆွေ**

# မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်အား အများပြည်သူဖူးမြော်နိုင်ရန် ပင့်ဆောင်ပူဇော်



**ရန်ကုန် ဧပြီ ၁**

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဆရာတော်သံဃာတော် ၁၀၈ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်အား အများပြည်သူဖူးမြော်ပူဇော်နိုင်ရန်အလို့ငှာ ဌာပနာတိုက်မှ နန်းဦး တန်ဆောင်းတော်အတွင်းသို့ ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်ဝင်းအတွင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီးတို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ စေတီတော်ဝင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊သောက်တော် ရေချမ်းများ ကပ်လှူပူဇော်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဆရာတော်သံဃာတော် ၁၀၈ ပါးတို့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းတော်မူသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ချုံးအင်းကျေးရွာ သီရိမင်္ဂလာပရိယတ္တိစာသင်တိုက်ပဓာနနာယက အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသထံမှ ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် အလှူရှင်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီးနှင့် တက်ရောက်လာသည့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့်အလှူရှင်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာတော် သံဃာတော်များအား အမှားအယွင်းနှင့် မပြည့်စုံခြင်းများရှိပါက ခွင့်လွှတ်သည်းခံတော်မူပါရန် တောင်းပန်လျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များက မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်အား ဌာပနာတော်တိုက်မှ ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ပြီး နန်းဦးတန်ဆောင်းတော်အတွင်း အများပြည်သူ ဖူးမြော်ပူဇော်နိုင်ရန် အလို့ငှာ အပူဇော်ခံထားရှိသည်။

**သတင်းစဉ်**

## ပါဠိပထမပြန်စာမေးပွဲ ပဥ္စမနေ့ကျင်းပ

**နေပြည်တော် ဧပြီ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၃ နာရီအထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ ပဥ္စမနေ့အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်) ပဥ္စမနေ့ကို စာရင်းသွင်းသံဃာနှင့်သီလရှင် စုစုပေါင်း ၃၇၁၂၉ ပါးအနက် ၃၁၁၅၅ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၉၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၇) အသွင်သစ်ဖြင့် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဧပြီ ၁**



ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို ၁-၄-၂၀၁၈ ရက်နေ့ထုတ် အတွဲ(၁၅) အမှတ်(၇)မှစ၍ အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ထုတ်ဝေလိုက်သည့် ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး နှင့် နိုင်ငံတကာမျက်မှောက်ရေးရာ သတင်းများ၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ ဗေဒင်နှင့် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁**



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (ကျိုက္ကဆံကွင်း)ရှိ ပြေးခုန်ပစ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်၊ ဒေါပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဘောလုံး၊ ဂျူဒိုနှင့်ကျွမ်းဘားအားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများက သရုပ်ပြသပြီး သင်တန်းသား သင်တန်းသူများနှင့်အတူ ဧည့်ပရိသတ်တို့က စုပေါင်းကိုယ်လက်လှုပ်ရှား(Zumba)အကဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၆၆၇ ဦး၊ သင်တန်းသူ ၄၆၅ ဦး စုစုပေါင်း ၁၁၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**



**ဧပြီ ၁ ရက်တွင် စစ် တက္ကသိုလ် အမှတ်စဉ်(၂၉)မှ ကျောင်း ဆင်း ပုလဲရတုမြောက် နှစ် အထိမ်း အမှတ် အဖြစ် ရန်ကုန်မြို့ ဇီဝိတ ဒါန သံဃာ့ဆေးရုံ ကြီး၌ ထာဝရ ငွေပဒေသာပင် ငွေကျပ် ၁၀ သိန်း ပေးအပ် လှူဒါန်း စဉ်။**

ကြေးမုံ

## ဦးဦးသိန်းထွန်း ကျိုက်ထိုမြို့နယ်တရားသူကြီး (ယခင် သံတွဲမြို့နယ်တရားသူကြီး)နှင့် အထက်တန်းရှေ့နေ ဒေါ်ခင်ချိုဝင်း(သံတွဲမြို့)တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဧပြီ ၁**

ရခိုင်ပြည်နယ် သံတွဲမြို့နေ နစ်နာသူက သံတွဲမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် ၁၃၅/၂၀၁၆ အမှုတွင် ကျိုက်ထိုမြို့နယ်တရားသူကြီး (ယခင် သံတွဲမြို့နယ် တရားသူကြီး) ဦးဦးသိန်းထွန်းသည် နစ်နာသူထံမှ လာဘ်ငွေကျပ် ၆၂၁၇၀၀၀ ကို အလီလီရယူခဲ့ခြင်း၊ တရားခံဘက်မှ ငွေကျပ်သိန်း ၁၀၀ ရယူပြီး အမှုအနိုင်ပေးခြင်း၊ သက်သေထွက်ဆိုချက်များအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းသည် သံတွဲမြို့နယ်တွင် တာဝန်ထမ်းဆောင်စဉ် ရာဇဝတ်ကြီးမှုအမှတ် ၁၃၅/၂၀၁၆ အမှု၏ တရားလိုထံမှ ငွေကျပ် ၆၂၁၇၀၀၀ ကို တောင်းခံရယူခဲ့သည့်အတွက် မြို့နယ်တရားသူကြီး တစ်ဦးအနေဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းသို့ပေါ်ပေါက်သဖြင့် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ အထက်တန်းရှေ့နေ ဒေါ်ခင်ချိုဝင်းသည် ရာဇဝတ်ကြီးမှုအမှတ် ၁၃၅/၂၀၁၆ အမှု၏ တရားလိုက မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းအား စုစုပေါင်း ငွေကျပ် ၆၂၁၇၀၀၀ ပေးခဲ့သည့်အနက် ငွေကျပ် ၄၇၅၅၀၀၀ ကို တရားလိုထံမှ တောင်းယူပြီး မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းထံသို့ ပေးခဲ့ခြင်းဖြင့် အားပေးကူညီခဲ့ကြောင်း ပေါ်ပေါက်မှုရှိသည့်အတွက် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း၊ သံတွဲမြို့ မြို့မရဲစခန်းတွင် ဧပြီ ၁ ရက်၌ အမှုဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

*(ယမန်နေ့မှအဆက်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၇ | မသဒ္ဒါငြိမ်းချမ်းဝင်း | ဒီဝေလျှံ (ကပက) | မကွေး | မကွေး |
| ၆၈ | မောင်အောင်ခန့်မော် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၆၉ | မောင်ယဉ်ခန့်အောင် | ဒီဝေလျှံ (ကပက) | မကွေး | မကွေး |
| ၇၀ | မသီရိစိုးစံ | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၁ | မောင်တာရာလင်း | အေးရိပ်ညို (ကပက) | စလင်း | မင်းဘူး |
| ၇၂ | မနှင်းဒါလီ | UHW (ကပက) | စလင်း | မင်းဘူး |
| ၇၃ | မောင်ထင်အောင်လင်း | အထက(၅)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မစောစန္ဒီလင်း | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်ဝေယံဖြိုး | အထက(၁)သရက် | သရက် | သရက် |
| ၇၆ | မောင်ကျောက်စိမ်း | အထက-ကျီရပ်ကုန်း | အောင်လံ | သရက် |
| ၇၇ | မသက်မိုစံ | အထက(ခွဲ)အလက(၃) | သရက် | သရက် |
| ၇၈ | မလင်းလင်းဝေ | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၉ | မောင်လင်းရောင်ဝေ | အထက-လောင်းရှည် | ဆော | ဂန့်ဂေါ |
| ၈၀ | မခင်ရတနာကျော် | အထက-မြို့မ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ပီတာအောင်ဇော်ကြီး | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၂ | မောင်မင်းထင်ကျော် | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၃ | မကြည်နူးဖြူစင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မညီရှင်မောင် | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဆက်အောင်လျှမ်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မလင်းလက်ခင် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ဇာနည်လှိုင် | အထက-စဉ့်ကိုင် | စဉ့်ကိုင် | ကျောက်ဆည် |
| ၈၈ | မဆုရတနာမြင့် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်အောင်ဖြိုးလွင် | အထက-ဇဂျမ်း | တောင်သာ | မြင်းခြံ |
| ၉၀ | မတင်ချိုအေး | အထက-မင်းစု | တောင်သာ | မြင်းခြံ |
| ၉၁ | မောင်ကောင်းထက်ဝေ | အထက ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၂ | မတိုးတိုးဝေ | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်ဟိန်းထက်စံ | သမာဓိ (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မသွဲ့နှင်းဇင် | အထက(၁) မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်စိုးလင်းထက် | အထက-ရန်အောင် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မမေသူလင်းထက် | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်ကောင်းခန့် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်မျိုးဆွေငြိမ်း | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၉၉ | မဘွဲ့နွှန်မော် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မထက်ထက်ဝတ်ရည် | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |

*(ဆက်လက်ဖော်ပြပါမည်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၇ | မောင်ကောင်းသန့်ဟိန်း | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၈ | မောင်မင်းမော်ဖြိုး | အထက(၃)မကွေး | မကွေး | မကွေး |
| ၆၉ | မဖြိုးသီရိလွင် | အထက(၁)မကွေး | မကွေး | မကွေး |
| ၇၀ | မကြယ်စင်လင်းလက် | သရပါ(ကပက) | ချောက် | မကွေး |
| ၇၁ | မောင်ကောင်းဆက်နိုင် | အေးရိပ်ညို(ကပက) | စလင်း | မင်းဘူး |
| ၇၂ | မဆွေဝတ်ရည် | အထက(၂)စလင်း | စလင်း | မင်းဘူး |
| ၇၃ | မောင်ခန့်ကျော်ဇော | ကောင်းဂုဏ်ဟိန်း(ကပက) | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မချမ်းမြေ့ကြည်သာ | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်ဇွဲရှိန်လင်း | အထက-ပြလို့ | အောင်လံ | သရက် |
| ၇၆ | မောင်မင်းခန့်ပိုင် | အထက(၂)သရက် | သရက် | သရက် |
| ၇၇ | မဆုမြတ်နှင်း | အထက-ဧကရာဇ် | ဆင်ပေါင်ဝဲ | သရက် |
| ၇၈ | မခိုင်သဇင် | အထက-ကြို့ပင် | ကံမ | သရက် |
| ၇၉ | မောင်မြတ်သုခ | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မကေဇင်မြတ် | အထက-ကျောက်ထု | ဆော | ဂန့်ဂေါ |
| ၈၁ | မောင်ကျော်ညီသာ | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်ကျော်မျိုးထက် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မခိုင်မြတ်သွယ် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မကြယ်စင်သိန်း | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဇော်ရဲထက် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မရွှန်းလဲ့ဖြိုးဦး | အထက-စဉ့်ကူး | စဉ့်ကူး | ပြင်ဦးလွင် |
| ၈၇ | မောင်အောင်ဘုန်းမြတ် | အထက-စဉ့်ကိုင် | စဉ့်ကိုင် | ကျောက်ဆည် |
| ၈၈ | မဖြူသန့်ကျော် | အထက-ကူမဲ | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်ဟိန်းထက်ညီ | အထက-ဆီမီးကန် | တောင်သာ | မြင်းခြံ |
| ၉၀ | မအင်ကြင်းစံ | အထက-ဝဲလောင် | တောင်သာ | မြင်းခြံ |
| ၉၁ | မောင်နေမျိုးအောင် | အထက(၁)ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မခင်ခင်သန်း | FEC (ကပက) | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်အောင်လင်းဆက် | အထက(ခွဲ)မြို့သစ် | မလှိုင် | မိတ္ထီလာ |
| ၉၄ | မယွန်းပွင့်သူ | သမာဓိ(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်ကျော်မင်းဦး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မဝင်းမြတ်သန္တာဦး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်ပြည့်စုံဖြိုး | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၉၈ | မောင်မင်းဒေရတ် | အထက(၉)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မသရဖီ | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၀ | မဆုမြတ်ဦး | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |

*(ဆက်လက်ဖော်ပြပါမည်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၇ | မောင်မောင်မောင်သွင် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၈ | မောင်လွင်ဟိန်းခန့် | ဉယျာဉ်မှူး(ကပက) | မကွေး | မကွေး |
| ၆၉ | မခင်ရတီသွင် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၀ | မသီရိဝန်းလဲ့ရွှန်း | သရပါ (ကပက) | ချောက် | မကွေး |
| ၇၁ | မောင်လွင်ထူးခန့် | အထက-ပဒါန်း | ငဖဲ | မင်းဘူး |
| ၇၂ | မအေးမွန်ခိုင် | အလက-မြေနီကုန်း | စေတုတ္တရာ | မင်းဘူး |
| ၇၃ | မောင်မင်းသန့်ကို | အထက-ရေစကြို | ရေစကြို | ပခုက္ကူ |
| ၇၄ | မဖူးပြည့်ပြည့်သော် | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်မင်းခန့်သွေး | အထက-ရွာထောင် | အောင်လံ | သရက် |
| ၇၆ | မောင်ထူးကိုလွင် | အထက(ခွဲ)တလပါး | သရက် | သရက် |
| ၇၇ | မအိဖြိုးဝေ | အထက(၂)အောင်လံ | အောင်လံ | သရက် |
| ၇၈ | မခိုင်ရွှေရည်သင်း | အထက-မလွန် | မင်းလှ | သရက် |
| ၇၉ | မောင်ဖုန်းမြတ်ဟန် | အထက-လက်ပန်း | ဆော | ဂန့်ဂေါ |
| ၈၀ | မထက်ထက်ပိုင် | အလက(ခွဲ)စည်ပင်သာယာ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ကောင်းထက်နိုင် | အထက(၁၆)ချမ်းအေးသာစံ | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်ချစ်စန်းမောင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မယဉ်မင်းသန့် | အထက(၁၆)ချမ်းအေးသာစံ | ချမ်းအေးသာစံ | မန္တလေး |
| ၈၄ | မဇူးဇူးမြင့်လွင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၅ | မောင်စည်သူချမ်းမြေ့ဝင်း | အထက-မြို့သစ် | မတ္တရာ | ပြင်ဦးလွင် |
| ၈၆ | မနန်းသီရိနွယ် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ပြည့်ဝငြိမ်းချမ်း | ယူနတီ(ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၈ | မသက်မှူးလွင် | ယူနတီ(ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၉ | မောင်ခန့်ဇင်ဟိန်း | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မဂျူးဂျူးသက် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်ဘုန်းမြင့်ကျော် | ရင်သွေးငယ်(ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မမြင့်မြင့်ကြည် | အထက(၁)ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်မင်းကောင်းသန့် | သမာဓိ(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မဖူးမြသွယ် | အထက(၁)သာစည် | သာစည် | မိတ္ထီလာ |
| ၉၅ | မောင်လှိုင်းထက်အောင် | အထက(၁)ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၉၆ | မရွှန်းလဲ့နဒီဦး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်လျှမ်းထက်နိုင် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မသစ်ဖူးပွင့် | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မောင်သန့်စင်ထွန်း | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၀ | မသော်ဝေနှင်း | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |

*(ဆက်လက်ဖော်ပြပါမည်)*

# မြောင်းမြမြစ်ကူးကြိုးတံတား မြစ်အတွင်းပြုတ်ကျ

**မြောင်းမြ ဧပြီ ၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ရှိ မြောင်းမြမြစ်ကူးကြိုးတံတားသည် ဧပြီ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် မြောင်းမြမြစ်အတွင်းသို့ ပြုတ်ကျသွားရာ မြောင်းမြမြို့ နတ်စင်လမ်းမှ ဦးအောင်ကြီး၏ ခြောက်ဘီးကားနှင့် ယာဉ်မောင်း မဲကြီး(ခ)သန့်ဇော်ထိုက်နှင့် စပယ်ယာ တစ်ဦး စုစုပေါင်းနှစ်ဦး ကားနှင့်အတူ မြစ်အတွင်းသို့ ပါသွားကြောင်း ကနဦး သိရသည်။

ယင်းမြောင်းမြ ကြိုးတံတားကို ၁၉၉၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၂ နှစ်အကြာ ယခုနှစ် ဧပြီ ၁ ရက် ညဘက်တွင် ပြုတ်ကျခဲ့ခြင်း ဖြစ်သည်။ ကားမှာ ၁၆ တန်ကားဖြစ်ပြီး ၁၀ တန်တင်ဆောင်နိုင်ကာ ယခုဖြစ်စဉ်တွင် ရှစ်တန် တင်ဆောင်လာခြင်း ဖြစ်ကြောင်းနှင့် မြောင်းမြဘက်ခြမ်းမှ ပြုတ်ကျသွားခြင်း ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးများ ပြုလုပ်လျက်ရှိကြောင်းနှင့် သွားလာရေးများ ပိတ်ပင်ထားပြီး လုံခြုံရေးများ ချထားကြောင်း သိရသည်။

"ရန်ကုန်ကနေ ကြက်စာတင်လာတဲ့ကားပါ။ နံနက် ၁ နာရီခွဲလောက်မှာ တံတားပေါ်ဖြတ်မောင်းတာ၊ တံတားအလယ်လောက်အရောက်မှာ မြောင်းမြဘက်ခြမ်း ချဉ်းကပ်ခုံဘက်က ဆိုင်းကြိုးတွေပြုတ်ပြီး ပြတ်ထွက်သွားတာကားပါ ရေထဲပါသွားတယ်၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးတွေ လုပ်နေပါတယ်" ဟု မြောင်းမြမြို့ လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အခင်းဖြစ်ပွားရာသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဆက်သွယ်သွားလာမှု အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြောင်းမြတံတားသည် အရှည်ပေ ၁၂၇၀ ရှိကာ တံတားအကျယ် ၃၈ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး နာဂစ်မုန်တိုင်းဒဏ်ခံရသဖြင့် တံတားခံနိုင်ဝန် ကျဆင်းမှုကြောင့် တန် ၂၀ ခွင့်ပြုခဲ့ကြောင်း သိရသည်။



**အောင်မင်း ( မြောင်းမြ)**

# မြစ်ကြီးနားမြို့တွင် ရွှေဆိုင်ပိုင်ရှင်အား ဓားဖြင့်ထိုးကာ ရွှေသုံးပိဿာ၊ ငွေကျပ်သိန်း ၂၀၀ နှင့် ကားကိုလုယက်မှုဖြစ်ပွား

**မြစ်ကြီးနား ဧပြီ ၁**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်တွင် ဧပြီ ၁ ရက် နံနက် ၉ နာရီခန့်က ရွှေဆိုင်ပိုင်ရှင်အား ဓားဖြင့် ထိုးကာ ဆိုင်ခင်းရောင်းချမည့် ရွှေထည်သုံးပိဿာ၊ ငွေကျပ်သိန်း၂၀၀ နှင့် ဆိုင်ပိုင်ရှင်၏ ကားကိုမောင်းနှင် ထွက်ပြေးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ မြို့မရပ်ကွက် ရတနာလမ်းရှိ ဆိုင်ခန်းအမှတ် (၉၁/၉၂) တွင် ဖွင့်လှစ်ထားသည့် "ကျော်မြန်မာ" ရွှေရတနာရောင်းဝယ်ရေး ဆိုင်ခန်းပိုင်ရှင် ဦးကျော်ထွန်း(၄၄)နှစ်သည် ဆိုင်ဖွင့်ရန် ဆိုင်ခန်းတံခါးသော့အားဖွင့်ပြီး အထဲသို့ဝင်ရောက်စဉ် မိုးကာအကျႌဝတ်ဆင်ထားသူ အမျိုးသားနှစ်ဦးက အတူဝင်ရောက်၍ ဦးကျော်ထွန်းအား ဓားဖြင့်ထောက်ကာ ဆိုင်ခန်းအတွင်းရှိ အိမ်သာထဲတွင် သော့ခတ်ထားခဲ့ကြောင်း၊ ထို့နောက် ဆိုင်တွင် ခင်းကျင်းရောင်းချမည့် ရွှေထည်ပစ္စည်း သုံးပိဿာထည့်ထားသည့် အိတ်နှင့် ငွေသားကျပ်သိန်း ၂၀၀ ထည့်ထားသည့်အိတ်ကိုယူကာ အိမ်သာတံခါးအားဖွင့်၍ ဦးကျော်ထွန်းအား ဓားဖြင့် ထိုးခဲ့ရာ ဦးကျော်ထွန်း၏ ဝဲဘက်ဝမ်းဗိုက်တွင် ထိုးသွင်း ဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူရန် မြစ်ကြီးနား ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်းသိရသည်။

အဆိုပါ လုယက်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးမှာ ဦးကျော်ထွန်းစီးနင်းလာသည့် BELTA အမျိုးအစား နံပါတ်ပါ ငွေမင်ရောင် မော်တော်ယာဉ်ကို မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသဖြင့် မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းသတင်းရဲတပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေး တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူတို့အား အမြန်ဆုံးဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



စိုးမင်းထွန်းနှင့် အဒူရော်ရှီး(ခ)မြတ်ပုတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁**
မတ် ၃၁ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တော မြို့နယ် နယ်မြေ(၆) ကျီးကန်းပြင်စစ်ဆေးရေးစခန်းတွင် စိုးမင်းထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅၀၊ ငွေကျပ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မောင်တောမြို့နယ် အမှတ်(၅) ရပ်ကွက်နေ အဒူရော်ရှီး(ခ)မြတ်ပုအား ပိတ်ဆို့ရှာဖွေခဲ့ရာ ကျီးကန်းပြင်-မောင်တောလမ်း ကျီးကန်းပြင်ကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်း မိုင်တိုင်(၈၀/၄)အနီးတွင် ဟုန်လောက်တာ(ခ)ပီရှင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဆီခဲ ၁၂ ထုပ်(အလေးချိန် ၅ ဒသမ ၂ ကီလို)နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၁၅ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၅၀၊ သွင်းကုန်အစီး ၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၀၄ သန်းခန့်) စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၇၀၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးနှင့် Probox မော်တော်ယာဉ်တစ်စီးတို့ကို တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Bolt and Nut ၂၀ ကီလိုဂရမ် အဖာ ၂၀၊ Plastic Packing Foil ၃၀ ကီလိုဂရမ် ၁၅ ဖာ၊ အမျိုးသမီးအဝတ်အထည် ၁၀၀၀ နှင့် ကလေးအဝတ်အထည် ၁၅၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## မြန်မာ့ရုပ်မြင်သံကြား

**ထုတ်လွှင့်မှုအစီအစဉ်**
**၂-၄-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**
- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ MRTV Travelogue
- ၈း၃၅ နိုင်ငံတော်အစိုးရတာဝန် ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်း (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်)
- ၈း၄၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ တစ်နှစ်တာ (ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန)
- ၉း၄၀ ရတနာအလား ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ်များ "Egypt Pyramids"(Egypt)
- ၁၀း၃၀ စိုက်ပျိုးရေးရာ အဖြေရှာ "၂၀၁၈ မျိုးစေ့ပြပွဲ"
- ၁၁း၁၀ လုံမမှတ်စု(အပိုင်း-၃၁)
- ၁၁း၂၀ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၄၅ "ဘတောဝါနေဘာရိသတိ"
- ၁၃း၄၅ သုခမရင်ခွင်အငြိမ့်သဘင် "စူပါဘဲတောအငြိမ့်" (မင်းသမီး-အိအိလင်း၊ လူရွှင်တော်-ဘဲတော၊ လှဟန်၊ ထက်လင်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၄း၄၀ Tasty Trip
- ၁၅း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၅၁)

**ညနေပိုင်း**
- ၁၆း၂၀ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၁၆း၄၀ "ကျောက်ကြီးတောင်ပေါ်သို့ ခရီးတစ်ခေါက် ရောက်ခဲ့စဉ်က"
- ၁၇း၀၅ This Week's Special Interest
- ၁၇း၂၀ သုံးသပ်ရှုမြင် မြန်မာရုပ်ရှင် "အသည်းကွဲပါတီ" (ခန့်စည်သူ၊ ဇေရဲထက်၊ ထွန်းထွန်း၊ မျိုးသန္တာထွန်း၊ ရွှေမှုံရတီ၊ ရွှေပိုးအိမ်) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၇း၃၀ Yes or No Talk Show
- ၁၇း၅၀ "အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်" (အပိုင်း-၁)
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ဥပဒေရေးရာအဖြာဖြာ "ကူညီပါ သို့သော်. . ." (ဦးစံပေါ၊ ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ကိုချစ်ဦး၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဒေါ်အမာကြည်) [ဒါရိုက်တာ- ဝေဠု (ဝသန်)]
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "အစမ်းသပ်ခံအချစ်" (အပိုင်း-၃၁)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ [ပြည်ထောင်စုရာထူးဝန် အဖွဲ့၏ (၂)နှစ်တာ ဆောင်ရွက်ချက်များ]
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (သစ္စာတည်သော စစ်သူကြီး) (အပိုင်း-၃)
- \- မျက်မှောက်ရေးရာ သုံးသပ်စရာ
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "အေးအတူပူအမျှ" (အပိုင်း-၃၁)
- \- **အစီအစဉ်ပြီး၏။**

# ချယ်လ်ဆီးတွင် နောက်ရာသီ ဆက်ရှိရန် မလွယ်ကြောင်း ကွန်တီ ဝန်ခံ

ချယ်လ်ဆီးနည်းပြ ကွန်တီက နည်းပြများ၏ဘဝမှာ တစ်ပွဲ၊ နှစ်ပွဲ ကစားပြီး ရလဒ်မကောင်းရုံမျှဖြင့် ထုတ်ပယ်ခံရနိုင်သည်ဖြစ်ရာ နောက်ရာသီ ချယ်လ်ဆီးတွင် သူ ဆက်ရှိ၊ မရှိဆိုသည်ကို သူကိုယ်တိုင်ပင် မသိရှိကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအနေဖြင့် လတ်တလောတွင် အမှတ်ပေးဇယား အဆင့်(၅)နေရာတွင် ရပ်တည်နေရပြီး ချန်ပီယံလိဂ်ဝင်ခွင့်မသေချာမရေရာဖြစ်နေရာ ကွန်တီ၏ အနာဂတ်လည်း မသေချာမရေရာနိုင်ဟု အများစုက ယူဆနေခြင်းဖြစ်သည်။

သတင်းထောက်တစ်ဦးက ကွန်တီကို "ခင်ဗျားအနေနဲ့ လာမယ့်ရာသီ ချယ်လ်ဆီးမှာ ဆက်ရှိမယ်လို့ ထင်ပါသလား"ဟု မေးမြန်းခဲ့ရာ ကွန်တီက " ဒီနေရာမှာ ကျွန်တော် ရှိုးသားဖို့လိုပါတယ်၊ ကျွန်တော် မသိပါဘူး၊ ဒါက ကျွန်တော့်ကိစ္စရပ်မဟုတ်ဘဲ ကလပ်ရဲ့ ကိစ္စဖြစ်သွားပါပြီ၊ ကျွန်တော်တို့ မန်နေဂျာတွေဆိုတာ ဘာမှမသေချာပါဘူး၊ ခင်ဗျားမှာ စာချုပ်ချုပ်ထားတယ်ဆိုပေမယ့် တစ်ပွဲနှစ်ပွဲကစားပြီးတာနဲ့ ဘာဖြစ်မလဲဆိုတာ မသေချာပါဘူး၊ ကျွန်တော်တို့အလုပ်ဟာ ရလဒ်အပေါ်မှာ မှီတည်နေရတာပါ" ဟု ပြန်လည်ဖြေကြားသွားခဲ့သည်။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်က ကွန်တီအပေါ် ထောက်ခံချက် ဆက်ပေးထားသလားဆိုသည်မှာလည်း တိတိပပမသိရသေးသည့် အကြောင်းတရားဖြစ်ရာ ကွန်တီ၏ ချယ်လ်ဆီးအနာဂတ်မှာ ဝေဝေဝါးဝါးပင်ဖြစ်သည်။

သို့သော် ကွန်တီ တိုရီနိုအသင်းမှ ခေါ်ယူထားသည့် ဇာပါကော်စတာက ကွန်တီကို ချယ်လ်ဆီးတွင် ဆက်ရှိစေချင်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့ပြီး ချယ်လ်ဆီးကစားသမားအများစုက နှုတ်ဆိတ်နေကြသည်။ ကွန်တီနှင့် ချယ်လ်ဆီး ဘုတ်အဖွဲ့ဝင်များကြား ကစားသမား အဝင်အထွက်ကိစ္စတွင် သဘောထားကွဲလွဲခဲ့ကြပြီး ကွန်တီက သူလိုချင်သည့် ကစားသမားများကို ခေါ်ယူရန် လာမည့်နွေစျေးကွက်အတွင်း ပေါင်သန်း ၂၅၀ သုံးစွဲခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း သတင်းထွက်ခဲ့ဖူးသည်။





# ဘာစီလိုနာသို့ ပေါင် ၈၈ သန်းဖြင့် ပြောင်းရွှေ့ရန် ဂရစ်ဇ်မန်း သဘောတူခဲ့ပြီ

အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက ပရီမီယာလိဂ်ကလပ် မန်ယူက ခေါ်ယူရန် ကြိုးပမ်းနေမှုကိုလျစ်လျူရှုပြီး လာလီဂါပြိုင်ဘက် ဘာစီလိုနာသို့ ပေါင် ၈၈ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံတကာပွဲစဉ်များယှဉ်ပြိုင်သည့်ကာလအတွင်း မန်ယူ ကွင်းလယ်လူ ပေါလ်ပေါ့ဘာက ဂရစ်ဇ်မန်းကို နိုင်ငံအသင်းတွင်သာမက ကလပ်အသင်းတွင်လည်း ကစားဖော်ဖြစ်လိုသည်ဟူသော စကားဖြင့် စည်းရုံးခဲ့သော်လည်း ဂရစ်ဇ်မန်းက ဘာစီလိုနာသို့ ပြောင်းရွှေ့ရန်သာ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်ဟု အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

ပေါ့ဘာသည် ပြီးခဲ့သည့်နွေစျေးကွက်အတွင်း မန်ယူက တိုက်စစ်မှူး လူကာကူကို ခေါ်ယူနိုင်မှုတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ရာ မီဒီယာများက "အေးဂျင့် ပေါ့ဘာ" ဟုပင် အမည်တပ်ခဲ့ပြီး ယခုလည်း ဂရစ်ဇ်မန်းအတွက် ပေါ့ဘာက တိုက်ရိုက်စည်းရုံးရေးဆင်းခဲ့ခြင်းဖြစ်သည်။

မန်ယူနည်းပြ မော်ရင်ဟိုက လာမည့်နွေစျေးကွက် အဓိက ကစားသမားပစ်မှတ်စာရင်းတွင် ဂရစ်ဇ်မန်း အမည်ကို ထည့်ထားပြီးဖြစ်သလို ပြီးခဲ့သည့်နှစ်များအတွင်းကလည်း ဂရစ်ဇ်မန်းကို ခေါ်ယူရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ပြီးဖြစ်သည်။ မန်ယူအသင်းက ပြီးခဲ့သည့်နွေစျေးကွက်အတွင်း ဂရစ်ဇ်မန်းကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေး သဘောတူညီချက်ပင် ရရှိခဲ့ကြောင်း သတင်းထွက်ခဲ့သေးပြီး အက်သလက်တီကိုအသင်း ကစားသမားပြောင်းရွှေ့ခြင်း ပိတ်ပင်ခံရမှု အယူခံ ပယ်ချခံရခြင်းကြောင့် ဂရစ်ဇ်မန်းက အက်သလက်တီကိုအသင်းကို ကူညီရန်အတွက် မည်သည့်အသင်းကိုမှ မပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက အပြောင်းအရွှေ့ကာလ မစတင်မီ ကြားကာလများတွင်လည်း ဂရစ်ဇ်မန်းကို ရရှိရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ပြီး ယခုလည်း ဘာစီလိုနာနှင့်အပြိုင် ဂရစ်ဇ်မန်းရရှိရေး ထပ်မံကြိုးပမ်းလာခြင်းဖြစ်သည်။ ဘာစီလိုနာနှင့် အက်သလက်တီကိုအသင်းတို့အကြား ပေါင် ၈၈ သန်းဖြင့် ယေဘုယျ သဘောတူညီချက် ရရှိပြီးဖြစ်သော်လည်း အက်သလက်တီကိုအသင်းက ပေါင် ၁၈၅ သန်းအထိ စျေးတိုးမြှင့်ရန် စီစဉ်နေကြောင်း မန်ဒို ဒီပို့တီဗိုသတင်းဌာနက ဖော်ပြခဲ့သည်။

မေလှဲ့သင်း - ရေးသားသည်

# လက်စတာစီးတီးကွင်းလယ်ကစားသမား အန်ဒီဒီအား ခေါ်ယူရန် မန်ယူ၊ လီဗာပူးတို့နှင့်အပြိုင် အာဆင်နယ် ပစ်မှတ်ထားနေ

အာဆင်နယ်အသင်းသည် လက်စတာစီးတီးကွင်းလယ်ကစားသမား အန်ဒီဒီအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ယခုနွေရာသီအပြောင်းအရွှေ့စျေးကွက်အတွင်း ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမားအန်ဒီဒီသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက ဘယ်လ်ဂျီယံကလပ်ဂျန့်အသင်းမှ လက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အင်္ဂလန်ဘောလုံးလောကတွင် နာမည်ရလာခဲ့သည်။

ကွင်းလယ်ကစားသမား အန်ဒီဒီသည် လက်စတာစီးတီးအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ယူအသင်း၊ လီဗာပူးအသင်းတို့ကလည်း စိတ်ဝင်စားလျက်ရှိပြီး အာဆင်နယ်အသင်းအနေဖြင့် အန်ဒီဒီကို ခေါ်ယူရန် မန်ယူ၊ လီဗာပူးတို့နှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အန်ဒီဒီအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည့် အသင်းအတော်များများရှိခဲ့သော်လည်း အာဆင်နယ်အသင်းကသာ စောစီးစွာချိတ်ဆက်မှုများရှိခဲ့ကြောင်းလည်းသိရသည်။

ကွင်းလယ်ကစားသမား အန်ဒီဒီသည် ယခုနှစ်ဘောလုံးရာသီတွင် လက်စတာစီးတီးအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၃၆ ပွဲပါဝင်ကစားပေးထားပြီး စနေနေ့က ဘရိုက်တန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း ပါဝင်ကစားပေးခဲ့သည်။ အန်ဒီဒီအား အာဆင်နယ်က စိတ်ဝင်စားနေသည့်အပြင် အန်ဒီဒီကလည်း အာစင်ဝင်းဂါးမှာ လေးစားရသည့် နည်းပြတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။



## ဘောလုံးလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်နွေရာသီတွင် စပိန်တိုက်စစ်မှူး မိုရက်တာအား ဘာနေဗျူးသို့ ပြန်ခေါ်မည်ဖြစ်ကြောင်း သိရသည်။ မိုရက်တာသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ရီးယဲလ်မက်ဒရစ်မှ ချယ်လ်ဆီးသို့ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။
- **မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်နှင့် ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို ခေါ်ယူရန်အတွက် ယခု နွေရာသီကာလတွင် ပြင်သစ်တိုက်စစ်မှူး မာရှယ်အား ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။**
- ချယ်လ်ဆီးအသင်းသည် လက်ရှိအီတလီနိုင်ငံသားနည်းပြကွန်တီနေရာတွင် အစားထိုးရန်အတွက် စပါးအသင်းမှ အာဂျင်တီးနားနိုင်ငံသားနည်းပြ ပိုချက်တီနိုကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- **ဂျာမနီကြယ်ပွင့်ကစားသမား မက်မေယာသည် ယခုနွေရာသီစျေးကွက်အတွင်း အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းနှင့် ၎င်းအား အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့က စိတ်ဝင်စားလျက်ရှိကြောင်း ရှော်လ်ကေးအသင်းက အခိုင်အမာပြောကြားခဲ့သည်။**
- ချယ်လ်ဆီးအသင်းသည် နယူးကာဆယ်အသင်းနှင့် အင်္ဂလန်နောက်တန်းကစားသမား လက်စ်ဆယ်လက်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ
ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စိုးထွဋ် + ဒေါ်နီလာစိန်
တို့၏ သားကြီး

**ဒေါက်တာ မင်းသန်းထွဋ်@သော်သော်**
**M.B,B.S (Ygn)**
**Master in Business Administration (Northampton University, England)**
**CEO & Founder (H Double H Capital Group of Companies Ltd.)**

နှင့်

ရန်ကုန်မြို့နေ
ဦးမြင့်စိုး + ဒေါ်လီလီဝင်း(ရွှေပြည့်စုံရွှေဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)
တို့၏ တစ်ဦးတည်းသောသမီး

**မသင်းရတီဆု**
**Master in Business Administration (Assumption University, ABAC)**

တို့၏ ၁၀-၃-၂၀၁၈ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ရန်ကုန်မြို့၊ ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်တွင် ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ စုလျားရစ်ပတ်လက်ထပ်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သရေစည်သူ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ(ငြိမ်း) အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီချင်းသီဆိုပေးပါသော နိုင်ငံကျော် သမီး မူမူသိန်း စောင်းအဖွဲ့၊ အဆိုတော် ခင်မောင်ထူး တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာပန်းကြပေးပါသော မမေလှဲ့ယဉ်ထွန်းနှင့် မသင်းမြတ်နိုးလင်း၊ မင်္ဂလာပန်းကလပ်နှင့် မင်္ဂလာလက်စွပ်ကလပ်များ ကိုင်ဆောင်ပေးပါသော မသန့်ညိုစောနှင့် မမေရတနာထွန်း၊ မင်္ဂလာအရံများအဖြစ်ဆောင်ရွက်ပေးကြပါသော ဒေါက်တာ စိုးမင်းထွဋ်၊ ဒေါက်တာ သန့်ဇော်ဝင့်၊ မမေသဲကိုနှင့် မမြသူဇာခင်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော မေဦးမောင် (တော်ဝင်သူ)အဖွဲ့အားလည်းကောင်း၊ ဝတ်စုံများ ချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မျိုးမင်းစိုးတို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့သားများ၊ ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော နိုင်နိုင်ထွန်း (Exposure)နှင့်အဖွဲ့သားများ၊ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပေးပါသော ဦးစိန်ဝင်း(ထူးထက်စျာန်)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာကိစ္စအဝဝကို စီစဉ်ဆောင်ရွက်ပေးပါသော Wedding Planning-Signature အဖွဲ့အားလည်းကောင်း၊ ၁-၄-၂၀၁၈ရက် ညနေပိုင်းတွင် Lotte Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော မန်နေဂျာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော တရုတ်ကြီးဖိတ်စာ (မန္တလေး)အားလည်းကောင်း၊ မင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးတို့ကို နှစ်ဖက်သောမိဘများနှင့် သတို့သား၊ သတို့သမီးတို့မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာ မင်းသန်းထွဋ်+မသင်းရတီဆု**

**မင်္ဂလာပါ 09426669001~2~3**
သကြိန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ။ (သကြိန်ဈေးနှုန်းများ)
+ မန်း၊ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက်။ အထူးဒီလက်မှု-65000/H-160000
+ မန်း၊ ရွှေစက်တော်၊ မုံရွာ၊ အလောင်းတော် (၅)ရက်။ ဆင်းကျွ-65000/H-160000
+ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်း(၅)ရက်။ H-160000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဖမ်း၊ မိန်းမရဲ (၄)ရက်။ ဆင်းကျွ-65000/H-160000
(ဆက်၍)-လွိုင်ကော်၊ ဒီမောဆို၊ ပန်ပက်ရွာ (၅)ရက်။ ဆင်းကျွ-85000/H-190000
+ ထားဝယ်-ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ရှင်မော်၊ မြင်းခွာအော်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ (၄)ရက်။ ဆင်းကျွ-75000/ Hotel Package-180000
+ အင်းတော်ကြီး၊ မြစ်ဆုံ၊ မိုးကုတ်၊ ဇလုံတောင်၊ ရွှေဘို (၆)ရက်။ ဆင်းကျွ-120000
ဆက်၍-မုံရွာ၊ စစ်ကိုင်း၊ အလောင်းတော်ကဿပ (၈)ရက်။ ဆင်းကျွ-150000
+ မန်း၊ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး (၅)ရက်။ ဆင်းကျွ-100000
Mar 23,30, Apr 6,12,13,17 နေ့များတွင် ထွက်မည်။

**ပျောက်ဆုံးကြောင်း**
မောင်အောင်ဝေလင်း[၈/ဗခက(နိုင်)၂၆၇၂၃၇]၏ သင်္ဘောသားလုပ်သက်မှတ်တမ်းအမှတ် ရန်/၅၄၆၅/၁၂ ပျောက်ဆုံး၍ တွေ့ရှိပါက ဆက်သွယ်ရန်။ **ဖုန်း-၀၉-၅၁၁၄၃၃၄**

**Shwe Linn Latt (SLL Travels) 09-425150880, 09-765150880**
သကြိန်အထူးခရီးစဉ် April 12ထွက်မည်။
ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ဇွယ်တော်လေးဆူ)၊ ပခုက္ကူ 80000
ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ 80000
ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်စဲ 100000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဖမ်း၊ မိန်းမရဲ၊ လွိုင်ကော် 80000
Full Air-Con Express

**ရွှေလမ်းညွှန်**
အင်းတော်ကြီး၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလုံတောင်၊ ရွှေဘို (၆)ရက် -115000
ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက် -75000 ဧပြီ12
ကဆုန်ညောင်ရေသွန်းပွဲတော်-ပုဂံ၊ ဇွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် -45000 ဧပြီ27
09-420087371, 09-262705136

**GOLDEN LIGHT 09421099405,43197550,252225772**
April 12/13/17/20/27
Yutong ,Higer ,Man
ရွှေစက်တော် + ပုဂံ၊ ပုပ္ပါး + ပခုက္ကူ 70000
ရွှေစက်တော် + အလောင်းတော်ကဿပ 75000
မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ကဿပ 75000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ 75000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော် 95000
တောင်ကြီး၊ အင်းလေး + မန္တလေး၊ ပေမြို့ 90000
ထားဝယ်(ရှင်ကိုးရှင်)၊ မော်လမြိုင် 90000
မြိတ် + ထားဝယ်(ရှင်ကိုးရှင်) 110000
ပုဂံ၊ ပုပ္ပါး + တောင်ကြီး၊ အင်းလေး 90000
ပုဂံ၊ ပုပ္ပါး + မန္တလေး၊ ပြင်ဦးလွင် 85000
ရခိုင်၊ ငြောက်ဦး၊ စစ်တွေ၊ ငပလီ 120000

**ပျောက်ဆုံး**
ပဲခူးတိုင်းဒေသကြီး၊ သာယာ ဝတီခရိုင်၊ ဇီးကုန်းမြို့၊ အမှတ် (၄)ရပ်ကွက်၊ သိမ်ကြီးရိုးတိုးချဲ့ကွက်သစ်၊ ၂ လမ်းရှိ ဦးသိန်းဇော် မှတ်ပုံတင်အမှတ် [၇/ဇကန(နိုင်)၀၃၁၆၈၄]ကိုင်ဆောင်သူ၏ ပိုင်ဆိုင်သော ပတ္တမြားသစ်စက်ရှိ လျှာထိုးစက် လိုင်စင်အမှတ်- ၂၂၂၅/ ၂၄ သည် ပျောက်ဆုံးနေပါကြောင်း ကြော်ငြာအပ်ပါသည်။
**ဦးသိန်းဇော် [၇/ဇကန(နိုင်)၀၃၁၆၈၄]**

## တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) အရန်မီးသတ်တူညီဝတ်စုံ (၂၀၀၀၀)စုံ
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာဝယ်ယူရက် - ၂-၄-၂၀၁၈ရက်မှ ၂၅-၄-၂၀၁၈ရက်ထိ
(ခ) တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး နန္ဒာဝန်ရပ်ကွက်၊ မုံရွာမြို့
(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရက် - ၂၇-၄-၂၀၁၈ရက်၊ ၁၆း၃၀နာရီထိ
(ဃ) တင်ဒါလျှောက်လွှာတင်သွင်းရန်နေရာ - တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရုံး
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်-၀၇၁-၂၁၀၇၁ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# မြေယာနှင့် သီးနှံလျော်ကြေးပေးအပ်ပွဲကျင်းပ

**ကျောက်မဲ မေ ၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ် စီမံကိန်းလုပ်ငန်းအတွင်း ပါဝင်သွားသော မြေယာနှင့်သီးနှံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးနှင့် ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်သူလင်းတို့က ရှင်းလင်းပြောကြားကြသည်။ ထို့နောက် နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ်စီမံကိန်းလုပ်ငန်းအတွင်း ပါဝင်သွားသော ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာအုပ်စုမှ တောင်သူ ခုနစ်ဦး၏ မြေဧရိယာ ၁၉ ဒသမ ၄၀ ဧကအတွက် လျော်ကြေးငွေစုစုပေါင်း ၂၅၈၀၁၇၀၉၈ ကျပ်ကို ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က တောင်သူများသို့ အချိုးကျတစ်ဦးချင်း ပေးအပ်ကြသည်။

အလားတူပင် ယနေ့နံနက်ပိုင်းက နောင်ချိုမြို့နယ် မြက်ချင်းနုအုပ်စုတောင်သူ ၄၉ ဦးအား မြေယာလျော်ကြေးငွေ စုစုပေါင်း ကျပ်သိန်း ၆၀၀၀ ကျော်ကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသောတောင်သူများကိုလည်း ဆက်လက်ညှိနှိုင်းပေးသွားရန်ရှိကြောင်း သိရသည်။။

**သီပေါကိုလတ်**

**ဂရုစိုက်၍ လိုက်နာပါ**

**ဆောင်ရန်များ**

၁။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်(ORS)ကို လုံလောက်အောင် သောက်သုံးပါ။
၂။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ် ကပ်ပါ၊ သနပ်ခါးလိမ်းပါ။

# မုံရွာမြို့နယ် ပြန်/ဆက်ဦးစီးဌာနသို့ စာအုပ်စာစောင်များ လှူဒါန်း

**ရန်ကုန် မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၂၇ ရက် ည ၇ နာရီက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် ဦးလှငွေ (မောင်မောင်နီ)၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်းတို့က သတင်းစာ၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်၊ ဂျာနယ်များ စုစုပေါင်းတန်ဖိုး ငွေကျပ် နှစ်သိန်းခန့်ကို ပေးအပ်လှူဒါန်းရာ မုံရွာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်မင်း၊ ယင်းမာပင်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးဖေသန်း (နေမင်းသန့်)နှင့် ဦးစိုးရှိန်(အဖွဲ့ဝင်)တို့က လက်ခံရယူကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၁ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၂ | ငံပြာရည်အမျိုးမျိုး။ |
| ၃၃ | ပဲဆီ၊ နှမ်းဆီ။ |
| ၃၄ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၅ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၆ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၃၇ | ပုစွန်ဖွဲ့၊ ငါးပေါင်းမုန့်။ |
| ၃၈ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၉ | ပဲနို့။ |
| ၄၀ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၁ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၂ | ချင်း။ |
| ၄၃ | ငါးပိအမျိုးမျိုး။ |
| ၄၄ | မန်ကျည်းမှည့်။ |
| ၄၅ | နိုင်ငံတော်အလံ။ |
| ၄၆ | စိပ်ပုတီးအမျိုးမျိုး(အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများ မပါဝင်)။ |
| ၄၇ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၈ | ထင်းအစားထိုးလောင်စာတောင့်။ |
| ၄၉ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၀ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၁ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၂ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၃ | ရေနံချေး။ |
| ၅၄ | ဆားအမျိုးမျိုး။ |
| ၅၅ | ကြက်ပေါင်စေး။ |
| ၅၆ | ကွမ်းသီး၊ ကွမ်းသီးခွံ။ |
| ၅၇ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေသြဇာ အပါအဝင်မြေသြဇာအမျိုးမျိုး။ |
| ၅၈ | လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဗက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး (အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)။ |
| ၅၉ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှသီးနှံရိတ်သိမ်း ခြွေလှေ့အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့်တွဲဖက်၍ သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သော ကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်၊ အစာထုတ်လုပ်ရန် ကုန်ကြမ်းကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသောတိရစ္ဆာန်အစားအစာများ မပါဝင်)။ |
| ၆၁ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်မှတ်ရရှိပြီးဆေးဝါးနှင့် ကာကွယ်ဆေးများ အပါအဝင်)။ |
| ၆၂ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည် အပါအဝင်)၊ သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ။ |
| ၆၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၄ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် ကျန်းမာရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၆၅ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေး ရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့်နှာခေါင်းစည်း။ |
| ၆၆ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ)။ |
| ၆၇ | တိုင်းရင်းဆေးဝါးကုန်ကြမ်းများ အပါအဝင် ဆေးဝါးကုန်ကြမ်းများ။ |
| ၆၈ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး ယင်းစာအုပ်စာပေများထုတ်လုပ်ရန်စက္ကူများ (40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး။ |
| ၆၉ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၇၀ | ကွန်ဒုံး(Condom)။ |
| ၇၁ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏အရန်နှင့် အပို ပစ္စည်းများ။ |
| ၇၂ | နယ်ဘက်ဌာနသုံးယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့်ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)။ |
| ၇၃ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံး ဝန်ထမ်းများ အသုံးပြုမည့် ကုန်စည်များ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၇၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၀ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၈၁ | ပြည်တွင်း ပြည်ပပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၂ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်း။ |
| ၈၃ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၈၄ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။ |
| ၈၅ | အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၈၆ | ရွှေစင်ရွှေတုံးများ(စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါး)။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှ တစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ် ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊
(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | ဘဏ်နှင့် ဗဟိုဘဏ်မှခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၂ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | အများသုံးသန့်စင်ခန်းအသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | ပြည်တွင်းပြည်ပ လေကြောင်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ်လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၃ | ကာကွယ်ရေးဝန်ကြီးဌာန၏လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများကရယူသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |

**ဆက်လက်ဖော်ပြပါမည်။**

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ခ) အခွင့်အာဏာ အပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်းသည် အခွင့်အာဏာအပ်နှင်းထားသည့်ရည်ရွယ်ချက်တစ်ခုခုအလို့ငှာ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရေးအတွက် အခွန်ထမ်း၏ နေအိမ်အတွင်းသို့ဖြစ်စေ၊ ပုဒ်မခွဲ(က) တွင်ဖော်ပြထားခြင်းမရှိသော အခြား ပရဝဏ်အတွင်းသို့ဖြစ်စေဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်းပြုနိုင်သည်-

(၁) အခွန်ထမ်း၏သဘောတူခွင့်ပြုချက်ဖြင့် သို့မဟုတ်

(၂) ပရဝဏ်အတွင်းသို့ ဝင်ရောက်ရန်လိုအပ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၏ လျှောက်ထားချက်အရ သက်ဆိုင်ရာမြို့နယ်တရားရုံးမှ တရားသူကြီးကစာဖြင့် ရေးသားဖော်ပြထားသော အချိန်နှင့် ခွင့်ပြုထားသောနည်းလမ်း။

(ဂ) အခွင့်အာဏာ အပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ကိုက်ညီပါက သီးခြားပြဋ္ဌာန်းထားခြင်းမရှိသည့် အခွန်ထမ်းပိုင်ဆိုင်သည့် မည်သည့်ပစ္စည်းကိုမဆိုတိုင်းတာခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် ကာလတန်ဖိုးသတ်မှတ်ခြင်းတို့ပြုလုပ်နိုင်သည် -

(၁) အခွန်ထမ်း၏ သဘောတူခွင့်ပြုချက်ရရှိခြင်း၊

(၂) အနည်းဆုံး ၂၄ နာရီ ကြိုတင်၍ စာဖြင့် အကြောင်းကြားခြင်း။

(ဃ) အခွင့်အာဏာအပ်နှင်းထားသည့်တာဝန်ခံဝန်ထမ်းသည် နေအိမ်သို့မဟုတ် ပရဝဏ်အတွင်း ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ)အရ ဥပဒေနှင့်အညီ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်းပြုရာတွင်အောက်ပါတို့ကိုပြုလုပ်နိုင်သည်-

(၁) စာတမ်းအမှတ်အသားတစ်ခုခုကို မိတ္တူကူးယူခြင်း၊

(၂) အခွင့်အာဏာ အပ်နှင်းထားသည့် ရည်ရွယ်ချက်နှင့်ဆီလျော်မှုရှိသည်ဟု ထင်မြင်ယူဆသည့် စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကိုလိုအပ်ပါက သိမ်းယူခြင်း၊

(၃) စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို မှတ်မိစေရန် တံဆိပ်အမှတ်အသားများရိုက်နှိပ်ခြင်း။

(င) တာဝန်ခံဝန်ထမ်းသည်ဤပုဒ်မအရအပ်နှင်းထားသည့်အခွင့်အာဏာအရ စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို သိမ်းယူရာတွင် တရားရုံးအမိန့်က အခြားနည်းလမ်းဖြင့် ခွင့်ပြုထားခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းစာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာကို မိတ္တူကူးယူပြီးနောက်မူရင်းကို သိမ်းဆည်းခံရသူထံ အမြန်ဆုံးပြန်လည်ပေးအပ်ရမည်။

(စ) တာဝန်ခံဝန်ထမ်းသည် ဤပုဒ်မအရအပ်နှင်းထားသည့်အခွင့်အာဏာအရ သိမ်းဆည်းသည့် အခြားအရာများသည်မိတ္တူကူး၍ မရသည့်အပြင် တရားရုံးမှ မူလပိုင်ရှင်ထံပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခြင်းမပြုပါက သင့်လျော်သော အချိန်ကာလတစ်ခုအထိ ယင်းအရာကို ထိန်းသိမ်းထားနိုင်သည်။

(ဆ) ဤပုဒ်မပါ အခွင့်အာဏာအရ ပြုလုပ်ထားသည့် စာတမ်းအမှတ်အသား၏ မိတ္တူကို တရားရုံးတွင် သက်သေခံတင်ပြခွင့်ရှိပြီး ယင်းသည် မူရင်းစာတမ်းအမှတ်အသားကဲ့သို့ သက်သေခံတန်ဖိုးရှိသည်။

(ဇ) ဤပုဒ်မပါ လုပ်ပိုင်ခွင့်များသည် အပြည်ပြည်ဆိုင်ရာဥပဒေများအရ စုံစမ်းစစ်ဆေးမှုများမှ ကင်းလွတ်ခွင့်ရထားသည့်နိုင်ငံခြားတိုင်းပြည်များ၏ သံတမန်၊ ကောင်စစ်ဝန်ချုပ် သို့မဟုတ် အခြားမစ်ရှင်များနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၏ ပရဝဏ်များနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(ဈ) ဤပုဒ်မအရ ညွှန်ကြားရေးမှူးချုပ်က တောင်းခံခဲ့သော်လည်း အခွန်ထမ်း သို့မဟုတ်အခြားပုဂ္ဂိုလ်တစ်ဦးဦးက ပေးအပ်ရန်ပျက်ကွက်ခဲ့သည့် စာတမ်းအမှတ်အသားများကို ယင်းအခွန်ထမ်း သို့မဟုတ် ယင်းပုဂ္ဂိုလ်ကအခွန်စည်းကြပ်မှုတစ်ခုအပေါ် လက်ခံရန်ငြင်းပယ်သည့်တရားစီရင်မှုတစ်ခုခုတွင်ညွှန်ကြားရေးမှူးချုပ်၏သဘောတူညီချက်မရဘဲ သက်သေခံအဖြစ် တင်သွင်းခွင့်မရှိစေရ။

(ည) ဤပုဒ်မအရ ဆောင်ရွက်သော အခွင့်အာဏာအပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကို သက်ဆိုင်ရာလုပ်ငန်းပရဝဏ် သို့မဟုတ် နေရာ၏ ပိုင်ရှင်ကသော်လည်းကောင်း၊ ဥပဒေနှင့်အညီလက်ရှိဖြစ်သူကသော်လည်းကောင်း ရုံးလုပ်ငန်းဆောင်ရွက်ရန်ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့်အကူအညီများပေးအပ်ရမည်။

(ဋ) ဤပုဒ်မအရ စာအုပ်များ၊ စာတမ်းအမှတ်အသားများ၊ မှတ်တမ်းများ၊ သို့မဟုတ် အခြားအရာများကို သိမ်းဆည်းခြင်းခံရသည့်ပုဂ္ဂိုလ်အနေဖြင့် ရုံးချိန်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးနိုင်ပြီးမိမိကုန်ကျစရိတ်ဖြင့်မိတ္တူကူးယူနိုင်သည်။

(ဌ) ညွှန်ကြားရေးမှူးချုပ်သို့မဟုတ်အခွင့်အာဏာလွှဲအပ်ခြင်းခံရသည့်ဝန်ထမ်းသည် ဤပုဒ်မအရ လက်ဝယ်ထိန်းသိမ်းခဲ့သော စာတမ်းအမှတ်အသားများ၊ မှတ်တမ်းမှတ်ရာများ သို့မဟုတ် အခြားအရာများအားလုံးအတွက် လက်မှတ်ရေးထိုးပြီး စုံစမ်းစစ်ဆေးမှု သို့မဟုတ် သက်ဆိုင်ရာအမှုကိစ္စဆောင်ရွက်ပြီးသည့်နေ့မှ ၁၄ ရက်အတွင်း ယင်းတို့ကို ပိုင်ရှင်ထံပြန်လည်ပေးအပ်ရမည်။

(ဍ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကောက်ခံရေးအတွက် မည်သည့်မြေအမျိုးအစားကိုမဆို သွားရောက် စစ်ဆေးတိုင်းတာခြင်းကိုလည်းကောင်း၊ယင်းမြေနှင့်သက်ဆိုင်သော စာတမ်းအမှတ်အသားတစ်စုံတစ်ရာကိုလက်ဝယ်ရှိသူ သို့မဟုတ် ထိန်းသိမ်းထားသူကပေးအပ်ရန် ဆင့်ဆိုခြင်းကိုလည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဎ) ညွှန်ကြားရေးမှူးချုပ်သည် ဤအခန်းပါ အခွင့်အာဏာများကို ကျင့်သုံးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်စေလွှတ်ပေးရန် သက်ဆိုင်ရာဌာနသို့ တောင်းဆိုနိုင်သည်။

ရှင်းလင်းချက်။ ဤပုဒ်မနှင့်ပုဒ်မ ၂၆ ပါအခွင့်အာဏာအပ်နှင်းထားသည့် ရည်ရွယ်ချက်ဆိုသည်မှာ -

(၁) ပုဂ္ဂိုလ်တစ်ဦးဦး၏ ပေးဆောင်ရမည့် အခွန်ပမာဏကို ဆုံးဖြတ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက်စုဆောင်းခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးထံမှအခွန်ကောက်ခံရန် ရည်ရွယ်ချက်ဖြင့်သတင်းအချက်အလက်စုဆောင်းခြင်းနှင့်

(၃) ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်စုဆောင်းခြင်းတို့ကိုဆိုသည်။

**သတင်းအချက်အလက်ရယူရန်အကြောင်းကြားခြင်း**

၂၆။(က) အခွင့်အာဏာအပ်နှင်းထားသည့် ရည်ရွယ်ချက်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း သို့မဟုတ် အခွန်ထမ်းမဟုတ်သည့် ပုဂ္ဂိုလ်တစ်ဦးထံ သင့်လျော်သော အကြောင်းကြားစာပေးပို့၍ -

(၁) အခြားပုဂ္ဂိုလ်တစ်ဦးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် အပါအဝင် အကြောင်းကြားစာဖြင့် တောင်းခံသည့် သတင်းအချက်အလက် တစ်စုံတစ်ရာကို ပေးအပ်ရန် သို့မဟုတ်

(၂) စစ်ဆေးခံရန်သို့မဟုတ်အကြောင်းကြားစာတွင်ဖော်ပြထားသည့် ယင်းပုဂ္ဂိုလ်ထိန်းချုပ်ထားသည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံအထောက်အထားများကို ပေးအပ်ရန်အလို့ငှာ အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အချိန်နှင့်နေရာသို့ လာရောက်ရန်ဆင့်ဆိုနိုင်သည်။

(ခ) စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံအထောက်အထားများအား ထုတ်ပေးခြင်း သို့မဟုတ် ကြည့်ရှုမှတ်သားခြင်းတို့နှင့်စပ်လျဉ်းသည့်ဘဏ်များ၏လျှို့ဝှက်ချက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်းသည့် စာချုပ်ပါတာဝန်တစ်ရပ်ရပ်တို့ အပါအဝင် လျှို့ဝှက်ထိန်းသိမ်းခြင်းဆိုင်ရာ၊ အထူးအခွင့်အရေးဆိုင်ရာ သို့မဟုတ် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ပုဒ်မ ၂၅ နှင့်ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိစေရမည်။

**အခန်း (၄)**

**စည်းကြပ်ခြင်းများ**

**စည်းကြပ်ခြင်း**

၂၇။(က) အခွန်ထမ်းပေးဆောင်ရမည့်အခွန်ဆိုင်ရာစည်းကြပ်မှုကို ဤဥပဒေတွင်လည်းကောင်း၊ ဤဥပဒေနှင့် သက်ဆိုင်သည့်အခွန်ဥပဒေတစ်ရပ်ရပ်တွင်လည်းကောင်း သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်သည့် စည်းကြပ်မှုကိုအခွန်ကြေညာလွှာတွင်ပါရှိသော သတင်းအချက်အလက်များနှင့် ညွှန်ကြားရေးမှူးချုပ်မှရရှိနိုင်သော အခြားသက်ဆိုင်ရာသတင်းအချက်အလက်များပေါ်တွင် အခြေပြု၍ ဆောင်ရွက်နိုင်သည်။

(ဂ) အခွန်ထမ်းတစ်ဦးက အခွန်ကြေညာလွှာကို သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြည့်စုံအောင်ဆောင်ရွက်ခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်အနေဖြင့်အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်ချက်နှင့် ရရှိနိုင်သည့် သတင်းအချက်အလက်အထောက်အထားများအပေါ်တွင် အခြေခံလျက်ပေးဆောင်ရမည့်အခွန်ပမာဏကို စည်းကြပ်နိုင်သည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်းတင်သွင်းသည့် အခွန်ကြေညာလွှာပါအချက်အလက်များကိုအခြေမခံဘဲ အခြားသတင်းအချက်အလက်ပေါ်တွင် အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အခြေခံ၍ စည်းကြပ်မှုပြုပါက အခြေခံအဖြစ်အသုံးပြုခဲ့သည့် သတင်းအချက်အလက်၏ သဘောသဘာဝကို ဖော်ပြရမည်။

(င) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်တစ်ရပ်ရပ်အတွက် အခွန်ထမ်းကပေးဆောင်ရမည့် အခွန်ပမာဏကိုတွက်ချက်တင်သွင်းသော အခွန်ကြေညာလွှာသည် ညွှန်ကြားရေးမှူးချုပ်က ယင်းပမာဏဖြင့် စည်းကြပ်မှုပြုသကဲ့သို့ သက်ရောက်မှုရှိစေရမည်။ သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှု ပြုလုပ်ခြင်းအတွက် အဟန့်အတားမဖြစ်စေရ။

(စ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်းသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်မတိုင်မီ နိုင်ငံတော်မှထွက်ခွာသွားနိုင်သည်ဟု ယုံကြည်ရန် ခိုင်လုံသောအကြောင်းရှိပါက ညွှန်ကြားရေးမှူးချုပ်မှ ယင်းပုဂ္ဂိုလ်အားစာဖြင့် ရေးသားပေးအပ်ထားသည့်အကြောင်းကြားစာတွင် ဖော်ပြထားသည့် ရက်စွဲသည် ယင်းအခွန်ကို ပေးဆောင်ရန် သတ်မှတ်သည့်နေ့ဖြစ်သည်။

**စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုလုပ်ခြင်း**

၂၈။(က) ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုတစ်ရပ်ကိုမှန်ကန်ခြင်းမရှိဟု ထင်မြင်ယူဆပါက ပုဒ်မ ၂၉ ပါ ကာလစည်းကမ်းသတ်အတွင်း သတ်မှတ်ချက်များနှင့်အညီ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည်။

(ခ) အခွန်ထမ်းက စာရင်းများနှင့်မှတ်တမ်းများ ထိန်းသိမ်းထားရှိရန် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ မမှန်ကန်သောသတင်းအချက်အလက်များတင်ပြခဲ့လျှင်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်သည် ရရှိနိုင်သော သတင်းအချက်အလက်နှင့် အထောက်အထားများကိုအခြေပြု၍အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်မှုဖြင့် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည်။

(ဂ) အခွန်ထမ်းသည်ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ ပြင်ဆင်ထားသော အခွန်ကြေညာလွှာတစ်ရပ်ကို တင်သွင်းပါက မူလစည်းကြပ်မှုမှာ မမှန်ကန်သော သတင်းအချက်အလက်အပေါ် အခြေခံကြောင်း ညွှန်ကြားရေးမှူးချုပ်က ယုံကြည်ကျေနပ်လျှင် ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုကို ပယ်ဖျက်၍ စည်းကြပ်မှုအသစ်သို့မဟုတ်ပြင်ဆင်စည်းကြပ်မှုကို ဆောင်ရွက်ရမည်။

**စည်းကြပ်မှု သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုများအတွက် ကာလစည်းကမ်းသတ်များ**

၂၉။(က) ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုအသစ်ကိုဖြစ်စေ၊ ပြင်ဆင်စည်းကြပ်မှုကိုဖြစ်စေ သက်ဆိုင်ရာစည်းကြပ်နှစ်ကုန်ဆုံးပြီး ခြောက်နှစ်အတွင်းဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က) တွင် မည်သို့ပင်ပါရှိစေကာမူ သက်ဆိုင်ရာ စည်းကြပ်နှစ်ကုန်ဆုံးပြီး ၁၂ နှစ်အတွင်း စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည် -

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဂ)အရ စည်းကြပ်မှုဖြစ်ခြင်း၊

(၂) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)အရ မူလစည်းကြပ်မှုသည် အခွန်ထမ်း၏ လိမ်လည်လှည့်ဖြားမှုကြောင့် သို့မဟုတ် တမင်တကာ လျစ်လျူရှုမှုကြောင့် မမှန်ကန်သော သတင်းအချက်အလက် သို့မဟုတ် မှားယွင်းသောသတင်းအချက်အလက်အပေါ် အခြေခံ၍ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်းပေါ်ပေါက်ခြင်း။

(ဂ) ဤပုဒ်မတွင်ဖော်ပြထားသည့်ကာလ စည်းကမ်းသတ်အတွင်း စည်းကြပ်မှုပြုလုပ်ခဲ့ခြင်းမရှိသည့်အပြင် ပုဒ်မ ၂၇၊ပုဒ်မခွဲ (င) အရ စည်းကြပ်ခဲ့မှုလည်းမရှိပါက အခွန်ကာလတစ်ခုအတွက်စည်းကြပ်မှုတစ်ခုသည် ဖြတ်တောက်နုတ်ယူထားသည့် အခွန်ပမာဏတစ်ခုရှိလျှင် ယင်းပမာဏအရ စည်းကြပ်မှုပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဖြတ်တောက်နုတ်ယူထားသည့် အခွန်မရှိပါက အခွန်ပေးဆောင်ရခြင်း မရှိစေရ။

(ဃ) ဤပုဒ်မရှိ မည်သည့်ပြဋ္ဌာန်းအချက်ကမျှ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်အရ ပြင်ဆင်စည်းကြပ်မှုအပေါ် ဟန့်တားခြင်း မရှိစေရ။

**ဆုံးရှုံးနိုင်ခြေအရကြိုတင်စည်းကြပ်ခြင်း**

၃၀။(က) ညွှန်ကြားရေးမှူးချုပ်သည်အခွန်ကောက်ခံရရှိနိုင်ရေးအတွက်သေချာစွာဆောင်ရွက်ရန် လိုအပ်ပါက ရရှိနိုင်သမျှ သတင်းအချက်လက်များကိုအခြေခံ၍ အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်ပြီး အခွန်ပေးဆောင်ရန်ပုံမှန်သတ်မှတ်ထားသည့်ကာလမတိုင်မီ စည်းကြပ်မှုပြုလုပ်နိုင်သည်။

(ခ) အခန်း (၅) တွင်ဖော်ပြထားသည့်အယူခံပိုင်ခွင့်အပြင် ဤပုဒ်မအရစည်းကြပ်မှုကို အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းနိုင်သည် -

(၁) ပမာဏများလွန်းခြင်း၊

(၂) ကြိုတင်စည်းကြပ်မှုတစ်ရပ် မပေါ်ပေါက်ကြောင်း ဖော်ပြနေသည့် ခိုင်လုံသော အခြေအနေရှိခြင်း။

**ဆက်လက်ဖော်ပြပါမည်။**

# ဒီးမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာရှိ ၁၆ ခုတင်ဆံ့ လိုဘာခိုတိုက်နယ်ဆေးရုံဖွင့်

**ဒီးမော့ဆို ဧပြီ ၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် လိုဘာခိုတိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးအမျိုးမျိုးကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် လိုအပ်ချက်၊ အားနည်းချက်များရှိမည်ဖြစ်ကြောင်း၊ ထိုအားနည်းချက်များကို တစ်ကြိမ်တည်း ပပျောက်အောင် မဆောင်ရွက်နိုင်သော်လည်း လျော့နည်းနိုင်သမျှလျော့နည်းအောင် အစိုးရ၊ လွှတ်တော်၊ ပြည်သူများ ပူးပေါင်းဖော်ဆောင်လျက်ရှိကြောင်း၊ ဆေးရုံဆောင်ရွက်စဉ်က မြေနေရာအခက်အခဲ၊ လမ်းကိစ္စအခက်အခဲများရှိရာ မြေနေရာ လှူဒါန်းပေးသော အလှူရှင် ဦးပီတာအား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ လမ်းနှင့် လိုအပ်သော facilities များအား ဆောင်ရွက်ပေးထားပါကြောင်း၊ ယနေ့အခမ်းအနား တက်ရောက်ရခြင်းမှာ ပြည်သူများ အောင်ပွဲအား အသိအမှတ်ပြု တက်ရောက်ချီးမြှင့်ခြင်း ဖြစ်ကြောင်း၊ ဆေးရုံကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျေးရွာနေပြည်သူများက ဌာနနှင့်အတူ ပူးပေါင်းထိန်းသိမ်းပေးရန် လိုအပ်မည်ဖြစ်ပြီး ဝန်ထမ်းများ နေထိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးကာ ပြည်သူများလည်း မိမိတို့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးမည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား ထောက်ပံ့ငွေနှင့် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ကာ တိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

ဒီးမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာရှိ ၁၆ ခုတင်ဆံ့ လိုဘာခိုတိုက်နယ်ဆေးရုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းစဉ်တစ်လျှောက် မြေနေရာအနေအထား၊ လိုအပ်သောရေနှင့် လျှပ်စစ်လုပ်ငန်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းအပြင် ဆေးရုံအဝင်လမ်းနှင့် အထွက်လမ်းများကို ပြည်နယ်အစိုးရအဖွဲ့ လမ်းညွှန်မှုခံယူလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြပြီး လိုအပ်သောရန်ပုံငွေတို့ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒီးမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာအုပ်စု၊ ဟိုဝမ်ကျေးရွာအုပ်စု၊ ခူးပရာကျေးရွာအုပ်စု၊ ဒေါရောက်ခူကျေးရွာအုပ်စုနှင့် လိုပူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၀ ရွာမှ လူဦးရေ ၁၅၀၀၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**




# လမ်းဦးစီးဌာန ရိပ်သာဖွင့်ပွဲနှင့် ဝိုင်းမော်မြို့နယ်ရှိ နန့်မြစ်ခတံတားသို့ ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဧပြီ ၁**

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ လမ်းဦးစီးဌာနရိပ်သာဖွင့်ပွဲသို့ မတ် ၃၁ ရက် နံနက် ၉ နာရီက တက်ရောက်ခဲ့သည်။

အဆိုပါလမ်းဦးစီးဌာန ဧည့်ရိပ်သာအား အင်ခိုင်ဘွမ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၂၀၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၅ သန်း စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၂၇၅ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မူလက တစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျားပေ ၆၀၊ အနံ ၄၅ ပေရှိ R.C နှစ်ထပ်အဆောက်အအုံအမျိုးအစားကို ပြန်လည်ဆောက်လုပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းနှင့် ဆမားလမ်းဆုံ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနီး လမ်းလယ်ကျွန်းနှင့် Free Way လုပ်မည့် နေရာသို့ ကြည့်ရှုခဲ့သည်။ ထို့နောက် ဝိုင်းမော်မြို့နယ်ရှိ နန့်မြစ်ခတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါနန့်မြစ်ခတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁)မှ တည်ဆောက်လျက်ရှိပြီး မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၂/၄၈၁) ဖြစ်ကာ အမြဲတမ်း လေးလမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြခန်းနှင့် စာအုပ်ဈေးရောင်းပွဲတော်ပိတ်ပွဲ ကျင်းပ

**ဟသ်ာတ ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြခန်းနှင့်စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကို မတ် ၃၁ ရက် ညနေ ၄ နာရီက ဟသ်ာတမြို့ ရွှေစေတီလမ်းရှိ အထက(၃)ကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။



ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးထိန်ဝင်းတို့က ကလေးစာပေပွဲတော်၊ကလေးစာပေပြခန်းနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပဆောင်ရွက်နိုင်ခဲ့မှုများနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကဗျာရွတ်ပုံပြော၊ ဆေးရောင်ခြယ်၊ စက္ကူခေါက်၊ ပန်းချီ၊ ပုံတူပန်းချီနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၆၁ ဦးအား တာဝန်ရှိသူအသီးသီးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရလက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးငွေထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ခရိုင်ပညာရေးမှူး ဦးမြင့်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ဟသ်ာတ၊ လပ္ပတ္တာ၊ မအူပင်၊ ပုသိမ်နှင့် ဖျာပုံခရိုင်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများမှ ခရိုင်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ စာရေးဆရာအသင်းနှင့် လူမှုရေးအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာများအား ထူးချွန်ဆုပေးအပ်

**မုံရွာ ဧပြီ ၁**

အပူပိုင်းဇုန်ဒေသအတွင်းသို့ ကျရောက်လျက်ရှိသော မြန်မာနိုင်ငံအလယ်ပိုင်း ကျေးလက်ဒေသကျေးရွာများတွင် ထင်းအစားထိုး အခြားလောင်စာသုံးစွဲမှု စံပြကျေးရွာများအား ထူးချွန်ဆုပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ မတ် ၃၁ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထင်းအစားထိုး အခြားလောင်စာသုံးစွဲမှု စံပြကျေးရွာထူးချွန်ဆုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဇီးပေါက်ကျေးရွာ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကံရပ်ကြီးကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဇီးပင်တွင်းကျေးရွာတို့မှ ရရှိခဲ့ရာ ဂုဏ်ပြုမှတ်တမ်း၊ ဂုဏ်ပြုလက်ဆောင်များနှင့် စွမ်းအားမြှင့်မီးဖိုများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်နှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

"အပူပိုင်းဒေသမှာနေထိုင်ကြတဲ့သူတွေက နေ့စဉ်ချက်ပြုတ်ဖို့အတွက် ထင်းနဲ့ မီးသွေးလောင်စာတွေကို မှီခိုအားထားသုံးစွဲကြတယ်၊ အနီးဝန်းကျင်က သစ်တောတွေပြုန်းတီးလာတဲ့အပြင် သဘာဝပတ်ဝန်းကျင်ဟာလည်း ပျက်စီးလာတဲ့အတွက် ရာသီဥတုတွေ ပြောင်းလဲလာတယ်၊ အပူရှိန်တွေမြင့်လာတယ်၊ မိုးနည်းလာတယ်၊ ရေရှားပါးလာတယ်၊ သီးနှံအထွက်နှုန်းတွေလည်း လျော့ကျလာတာကို သတိထားမိလာပါတယ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ အသိပညာဗဟုသုတတွေကို ဟောပြောတဲ့အတွက် အသိပညာဗဟုသုတတွေရပြီးတော့ သစ်တောသစ်ပင်တွေထိန်းသိမ်းတဲ့အပြင် ထင်းအစားစိုက်ပျိုးရေး စွန့်ပစ်အမှိုက်တွေကို လောင်စာအဖြစ်အသုံးပြုခဲ့ကြပါတယ်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးပြီး ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေ၊ ထိန်းသိမ်းခြင်းဖြင့် ရရှိလာမယ့် အကျိုးတွေကိုလည်း သိရှိခဲ့ရပါတယ်"ဟု စံပြဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဇီးပေါက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဘဆွေက ပြောသည်။

အခမ်းအနားအပြီးတွင် သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ ပညာပေးပြခန်းများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လုပ်ဆောင်လျက်ရှိသော သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာတိုးမြှင့် အသုံးချရေးဆောင်ရွက်ခြင်း၊ ရေရရှိရေးအကောင်အထည်ဖော်ဆောင်ခြင်း၊ စွမ်းအားမြှင့်မီးဖိုအမျိုးမျိုးနှင့် အခြားလောင်စာ အမျိုးမျိုး ထုတ်လုပ်ပုံ၊ အသုံးပြုပုံတို့ကို ပညာပေးပြခန်းများနှင့် လက်တွေ့သရုပ်ပြမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# YBS ယာဉ်များရပ်နားရန်နှင့် ယာဉ်ပြုပြင်ထိန်းသိမ်း ဝန်ဆောင်မှုစင်တာများပါဝင်သည့် ယာဉ်ရပ်နားဝင်း တည်ဆောက်

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS ယာဉ်များ ရပ်နားရန်နှင့် ကားပြုပြင်ထိန်းသိမ်းသည့် ဝန်ဆောင်မှုများ ပါဝင်သည့် နိုင်ငံတကာအဆင့်မီ ယာဉ်ရပ်နားဝင်း တည်ဆောက်နေကြောင်းရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ကြီးကြပ်မှု လက်အောက်ရှိ YBS အများပိုင် ယာဉ်လိုင်းကုမ္ပဏီများ အနက် YBPC ကုမ္ပဏီအနေဖြင့် ဘတ်စ်ကားများ ရပ်နားရန်နှင့် ယာဉ်ပြုပြင်ထိန်းသိမ်းမှုများအပါအဝင် ဝန်ဆောင်မှု စင်တာများပါဝင်သည့် အဆင့်မြင့် ယာဉ်ရပ်နားဝင်း တည်ဆောက်အကောင်အထည်ဖော်နေကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"ကုမ္ပဏီအနေနဲ့က ထောက်ကြန့်မှာ တစ်ခု၊ အခု ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှာတစ်ခု Bus Terminal နဲ့ Car Services Center ကြီးတစ်ခုကို တည်ဆောက်နေပါတယ်။ နိုင်ငံတကာမှာလိုပဲ အကောင်အထည်ဖော်နေပါတယ်။ YBS ယာဉ်တွေနဲ့ ပတ်သက်လို့ ပြုပြင်ထိန်းသိမ်းတဲ့ စင်တာလည်းပါမယ်။ ထောက်ကြန့်မှာက အရင်ကတည်းက ကုမ္ပဏီက ကားတွေ ရပ်နားနေတဲ့ ကားဝင်း ရှိပါတယ်။ အခု ဒဂုံမြို့သစ်(အရှေ့ပိုင်း)မှာ ထပ်မံတည်ဆောက်နေပါတယ်"ဟု အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

YBPC ကုမ္ပဏီသည် ယခင်က BRT Lite အမည်ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ကာ အဆင့်မြင့်ဘတ်စ်ကားလိုင်း ပြေးဆွဲခဲ့ပြီး လက်ရှိ အဆိုပါကုမ္ပဏီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု ၈၅ ရာခိုင်နှုန်း၊ အများပြည်သူ၏ ထည့်ဝင်မှု အစုရှယ်ယာ ၁၅ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားကာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၅၇ ဘီလီယံ ခန့်ရှိကြောင်း သိရသည်။ အဆိုပါ ယာဉ်လိုင်း ကုမ္ပဏီတွင် ဘတ်စ်ကားအစီးရေ ၆၀၀ ကျော်ဖြင့် ယာဉ်လိုင်း ခုနစ်လိုင်း ပြေးဆွဲလျက်ရှိပြီး ထပ်မံ၍ ယာဉ်လိုင်းသုံးလိုင်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်များအတွက် အဆင့်မြင့် ယာဉ်ရပ်နားဝင်းနှင့် ယာဉ်ပြုပြင်ထိန်းသိမ်းရေးစင်တာကို တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

**ဆုနှင်းလဲ့**






## ရွှေမော်ဓောစေတီတော်ဗုဒ္ဓပူဇနီယပွဲတော်တွင် ဆွမ်းဆန်စိမ်းလောင်းလှူ

**ပဲခူး မေ ၁**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ၂၆၀၀ ပြည့်နှစ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဘုရားအမှူးပြုသော သုံးဂိုဏ်းဝင် ဆရာတော် သံဃာတော်အရှင်သူမြတ် အပါး ၅၀၀ တို့အား (၆၄) ကြိမ်မြောက်ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲအခမ်းအနားကို စေတီတော် ရင်ပြင်တော်နှင့် အနောက်ဘက်စောင်းတန်းတို့၌ မတ် ၃၁ ရက် ညနေ ၃ နာရီတွင် ကျင်းပသည်။

မြတ်စွာဘုရားအမှူးပြုသော ပဲခူးမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်အရှင် သူမြတ်အပါး ၅၀၀ တို့ ကြွရောက်တော်မူကြပြီး ဝန်ကြီးချုပ်အမှူးပြုသော ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးဝန်ထမ်းများ၊ လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသောလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များ၊ ဂေါပကအဖွဲ့များက ဆွမ်းဆန်တော်၊ နဝကမ္မ၊ စာရေးတံမဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ စုပေါင်းကာ မတ် ၁၈ ရက်တွင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ဗုဒ္ဓဘိသေကအနေကဇာ တင်လှူခြင်း၊ စာအောင်သံဃာနှင့် သီလရှင်များအား ဂုဏ်ပြုပူဇော်ခြင်း၊ သံဃာအပါး ၁၈၀၀ အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## နိုင်ငံခြားသတင်းထောက်များအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကိုမတ် ၃၀ ရက်ညနေ ၆ နာရီက ရန်ကုန်မြို့ အင်းယားလမ်းရှိ စိမ်းလန်းစိုပြည် ဂါးဒင်းတွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး ငွေစာရင်းရှင်းတမ်းကို အသင်း အတွင်းရေးမှူး ဦးသစ္စာလှထွေးက တင်ပြသည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကအဖြစ် ဒေါ်အေးအေးဝင်း၊ ဥက္ကဋ္ဌအဖြစ် ဦးမင်းဇော် (Tokyo Shimbun)၊ ဒုဥက္ကဋ္ဌအဖြစ် ဦးသူရိန်လှထွေး (Nikkei Shimbun)၊ အတွင်းရေးမှူးအဖြစ် ဦးသစ္စာလှထွေး (TBS)၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးမြတ်သူရ (KyodoNews)၊ ဒေါ်ဆင့်ဆင့်အောင် ( NTV )၊ ဒေါ်လှလှဌေး (AFP)၊ ဒေါ်ခင်မိုမိုမြင့် (NHK) တို့အား လည်းကောင်း၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်ရတနာထွန်း ( Kyodo News)၊ စာရင်းစစ်များအဖြစ် ဦးခင်မောင်ဝင်း(Tokyo Shimbun) နှင့် ဦးဖြိုးဟိန်းကျော် (AFP) တို့အားလည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။

၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်သော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှာ ယခုအခါ အသင်းဝင် ၆၄ ဦးရှိပြီး အသင်း၏ ရုံးခန်းမှာ အခန်း (၁၉)၊ တိုက် (၁၀)၊ စံပြဖဆပလရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ဖြစ်ကာ ဖုန်း ၀၉-၃၀၀၉၁၉၂၁ အီးမေးလ် sec. fccmyanmar@gmail.com ဖြစ်သည်။

**ခင်မောင်ဝင်း (ရွှေအင်းသား)**




## ကွန်ကရစ်လောင်းခြင်းနှင့် စုပေါင်းလုပ်အားဒါနပြု

**ဘော်လခဲ မေ ၁**

ကယားပြည်နယ် ဘော်လခဲမြို့ ရှမ်းပိုင်းရပ်ကွက်ရှိ မဟာကန္တာရတိဏစေတီတော်ရင်ပြင်တွင် ပျက်စီးနေသော နေရာများအား ကွန်ကရစ်လောင်းခြင်းနှင့် စုပေါင်းလုပ်အားဒါနပြုလုပ်ခြင်းကို မတ် ၃၁ ရက် နံနက် ၇ နာရီကပြုလုပ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဘော်လခဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိုးမင်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးခင်မောင်ဆွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၁၀) ယာဉ်ထိန်းတပ်စုမှ ဒုရဲမှူးဝင်းသွင်ဦးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဇနီးနှင့်မိသားစုတပ်ဖွဲ့ဝင်များ စုစုပေါင်း ၇၅ ဦးခန့်သည် စေတီတော် အရှေ့ရင်ပြင်တွင် ပျက်စီးနေသောနေရာများအား ကွန်ကရစ်လောင်းခြင်းနှင့် စုပေါင်းလုပ်အားဒါန ပါဝင်ကူသိုလ်ပြုဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# (၁၂၅)ကြိမ်မြောက်သန့်တည်ပွားအဓိဋ္ဌာန်တရားစခန်း

ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေး (သန့် တည် ပွား) အဖွဲ့မှ ဗုဒ္ဓသာသနာ၏ အခြေခံအနှစ်သာရများကို မှန်ကန်စွာ နားလည်သဘောပေါက်စေရန်၊ ဝိပဿနာတရားကို လက်တွေ့ရှုမှတ်ပွားများတတ်စေရန် ၊ ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် သာသနာဝင်တိုင်း ပူးပေါင်းပါဝင်သာသနာပြုနိုင်ရေးကို အထူးရည်ရွယ်၍ (၇)ရက်သင်္ကြန်အဓိဋ္ဌာန်တရားစခန်းအား ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ရိပ်သာတည်နေရာ။ | ။မြင့်မြတ်အလင်းရိပ်သာ၊ အမှတ် (၅)ရပ်ကွက်၊ ငါးဆူတောင်ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (စုရပ်မှရိပ်သာသို့ ကားအကြိုအပို့ရှိပါသည်။) |
| နေ့ရက် ။ | ။၂၀၁၈ ခုနှစ်၊ ဧပြီလ(၁၃)ရက်မှ (၁၉)ရက်အထိ ။ |
| ဆက်သွယ်ရန်ဖုန်း ။ | ။၀၉-၇၉၀၅၆၄၈၃၆၊ ၀၉-၇၆၅၅၈၀၃၁၅၊ ၀၉-၄၃၂၀၂၁၈၉၊ ၀၉-၅၀၅၈၉၆၄။ |

ရွှေညီကို
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09 -402116144

## သင်္ကြန် မိုးကုတ်တရားစခန်းပွဲ

သင်္ကြန်တွင်း(၅)ရက် တရားစခန်းပွဲကို ၁၂-၄-၂၀၁၈မှ ၁၇-၄-၂၀၁၈ (နှစ်ဆန်း ၁ရက်နေ့)အထိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅/ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၂)ဝိုင်း ကျောင်းဝင်းအတွင်းရှိ အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (သာသနဓဇဓမ္မာစရိယ)က မြတ်ဗုဒ္ဓဒေသနာတော်တို့ကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဟောကြားပြသမည်ဖြစ်ပါသည်။

ခင်ပွန်းကြီးဆယ်ပါး စုပေါင်းကန်တော့ခန်းကိုလည်း ၁၂-၄-၂၀၁၈ရက် ည(၇း၃၀)နာရီတွင် ကျင်းပပြုလုပ်ပါမည်။ (မည်သူမဆို ဝင်ရောက်ကန်တော့နိုင်ပါသည်)

တရားစခန်းပွဲဝင်လိုသော ယောဂီများကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၄၂၅၀၀၈၄၄၆၊ ၀၉-၇၇၃၇၇၃၃၇၂

ဝယ်လိုသည်
နွားသပ်ခြေ (၁) ကောင်
နွားသိုးကောက်
နွားအသပ်ချောင်းများဝယ်သည်။
09 761300560
09 786600234
09 776959920
09 402576977
09 786730786
ရွှေဝါထွန်းကျော် Co.,Ltd

## စစ်တက္ကသိုလ်အမှတ်စဉ်(၁၇)ဗိုလ်လောင်းသင်တန်း (၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းပွဲနှင့် ညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အမှတ်စဉ်(၁၇)ဗိုလ်လောင်းသင်တန်း(၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းပွဲနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| (၁) ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) ၇း၀၀နာရီ | - | ဆွမ်းကပ်လှူဒါန်းပွဲ ရွှေတိဂုံဘုရား၊ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းတွင် သံဃာ(၁၇)ပါးအား ဆွမ်းကပ်လှူဒါန်း၍ ကျဆုံး/ကွယ်လွန်သွားသောသူငယ်ချင်းများအား ရေစက်ချအမျှအတန်းပေးဝေခြင်း။ |
| (၂) ၉-၄-၂၀၁၈ရက် (တနင်္လာနေ့)၁၈း၀၀နာရီ | - | ညစာစားပွဲ Gandamar Grand Ballroom ခန်းမ၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |

လူမှုရေးကော်မတီ

GZ Real Estate Company
လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်း၊ဝယ်၊ငှားရမ်းခြင်းများကို အချိန်တိုအတွင်းထိရောက်အောင်မြင် စေရန်ကျွန်ုပ်တို့၏ GZ Real Estate Company (Japan Branch) မှ တာဝန်ယူပေးပါရစေ။
လူကြီးမင်းတို့ပိုင်ဆိုင်သောရန်ကုန်ဇရိယာအတွင်းရှိကွန်ဒိုတိုက်ခန်း၊လုံးချင်းမြေကွက်များရောင်းဝယ်ငှားရမ်းလိုပါကအမြန်ဆက်သွယ် အပ်နှံနိုင်ပါသည်။
*ဆက်သွယ်ရန် * 09-458285095, 09-424523234
အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ရုံးချိန် - တနင်္လာ မှ သောကြာ (၈ နာရီ မှ ၅ နာရီ အထိ)

အောင်မေတ္တာ
Ph - 09-795629447
09-443745709
09-443745708, 09-451058915
သင်္ကြန်အထူးအစီအစဉ်
- မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီး၊ ရွှေဘို၊ ဇလုံတောင်၊ မိုးကုတ် (၇)ရက်
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ကမီ၊ စက်စဲ၊ မော်လမြိုင်ဘုရားစုံ (၅)ရက်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း၊ မွေတော်ကက္ကူကလော၊ လွိုင်ကော် (၅)ရက်
- ရွှေစက်တော်၊ ပုဂံ-ညောင်ဦး-ပုပ္ပါး၊ စွယ်တော်လေးဆူ (၅)ရက်
ဘုရားပူးတားအမျိုးမျိုးစီးလုံးငှားရမ်းနိုင်သည်။
(၁၂)ရက်နေ့စတင်ထွက်ခွာမည်။

ရွှေခင်းသာ
FULLY AIR-CON EXPRESS
April 12 သင်္ကြန်ခရီးစဉ်များ
- အင်းတော်ကြီး-ရွှေမဥ္ဇူ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလုံတောင်၊ မိုးကုတ်၊ မန္တလေး (၈)ရက် (ထမင်းအကျ)130000
- ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ တမ်းသာယာ၊ သံတွဲဘုရားစုံ(၆)ရက် (ထမင်းအကျ)120000
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် (၆)ရက် (ထမင်းအကျ)85000
- ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ မြိတ်၊ ကျိုက်ကမီ၊ စက်စဲ (၆)ရက် (ထမင်းအကျ)90000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲ့သခင်မတောင်၊ လွိုင်ကော်(၅)ရက် (ထမင်းအကျ)85000
အမှတ်-၂/၂၈၊အာဇာနည်ကွင်းဝိုင်းတာဝါ။ Ph: 09-420046635, 09-772845260, 09-445328806

## ဝန်ထမ်းအလိုရှိသည်

၁။ အဆောင်မှူး (ဘွဲ့ရ) အသက် ၄၀ နှင့်အထက်
၂။ ထမင်းချက် (အသက် ၃၀ နှင့်အထက်)
၃။ အဝတ်လျှော်၊ မီးပူတိုက် (အသက် ၃၀ နှင့်အထက်)
လာနေနိုင်သူဖြစ်ရမည်။ ဖုန်း - ၀၉ ၇၈၀၇၃၂၂၅၉၄

Since 1986
KMD Institute
နိုင်ငံတကာအရည်အသွေးစံချိန်မီ
ISO 9001:2008 လက်မှတ်ရ
kmdedu.mm
အရည်အသွေးပြည့်မီသော
ကွန်ပျူတာပညာရပ်များကို အချိန်တိုအတွင်း
အထူးနှုန်းထားများဖြင့်တက်ရောက်လိုသူများအတွက်
သင်တန်းများဖွင့်လှစ်ပေးနေပါသည်။

| (ပန်းဆိုးတန်း) | (မြေနီကုန်း) | (လမ်းမတော်) | (တာမွေ) | (လှည်းတန်း ၁၊ ၂) | (သိမ်ကြီးဈေး) |
|---|---|---|---|---|---|
| ပန်းဆိုးတန်းလမ်း(အလယ်) | ပြည်လမ်း၊မဟာမြိုင်ကားမှတ်တိုင်အနီး။ | (၉၀)၊ လှည်းတန်းလမ်း | ကျိုက္ကဆံလမ်း၊ တာမွေဈေးအနီး | လှည်းတန်းမီးပွိုင့်အနီး၊အင်းစိန်လမ်း | သိမ်ကြီးဈေး (စီ)ရုံ |
| ☎ ၃၈၁၀၃၅၊၃၉၁၂၈၆ | ☎ ၅၂၇၄၃၆၊၅၀၂၂၃၃ | ☎ ၂၂၀၅၅၅ | ☎ ၅၄၁၃၂၈၊၅၄၆၆၀၀ | ☎ ၅၂၄၄၀၀၊၅၀၂၂၁၁ | ☎ ၃၈၄၂၆၈၊၃၈၄၆၄၁ |



မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၃) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ မေလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဍ - ၉၀၅၂၆၀

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

| | |
|---|---|
| ကည - ၁၃၈၇၅၂ | ဆ - ၄၇၀၄၇၉ |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

| | |
|---|---|
| င - ၆၇၄၂၃၃ | ကည - ၈၆၃၄၈၁ |
| အ - ၈၀၂၁၅၇ | |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | |
|---|---|---|
| ဗ - ၁၅၃၉၃၁ | ဋ - ၁၆၃၅၂၆ | ကဇ - ၆၉၆၃၇၂ |
| က - ၁၅၄၂၁၂ | ဝ - ၅၀၃၃၅၇ | က - ၇၄၀၇၃၉ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဒ - ၁၆၀၂၁၉
ဂ - ၁၇၂၀၈၂
ကည - ၃၀၇၅၉၉
ည - ၄၃၈၀၈၀
ကဇ - ၄၇၅၄၉၃
ကက - ၆၀၁၆၀၇
ပ - ၆၃၀၂၉၀
ဂ - ၉၈၅၅၃၇

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

မ - ၂၃၀၆၇၇
ကဃ - ၃၂၀၀၇၁
ဃ - ၃၂၉၈၆၂
မ - ၃၅၂၇၃၇
ကခ - ၄၆၉၆၇၃
ကဍ - ၅၂၄၈၅၉
ကဂ - ၆၃၆၆၉၅
ကစ - ၇၄၅၉၇၃
ကစ - ၈၄၈၂၇၄
ကစ - ၉၃၈၁၆၁
ဗ - ၉၇၂၇၃၂

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ခ - ၁၁၃၀၉၃
ဈ - ၃၀၈၁၄၈
ဃ - ၃၃၅၂၄၃
န - ၃၉၆၄၅၃
ခ - ၄၀၈၇၈၂
ဃ - ၅၁၀၈၆၄
ဈ - ၅၇၁၅၂၆
ဝ - ၅၇၁၉၀၈
ကဌ - ၇၂၀၅၆၀
င - ၈၀၉၉၈၉
ဠ - ၈၅၁၃၀၁

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ကဈ - ၂၅၄၂၂၈ | ဂ - ၅၂၃၂၆၉ |
| ဗ - ၂၆၃၆၄၀ | ကဍ - ၅၆၅၃၈၅ |
| ဂ - ၂၉၄၄၈၀ | ရ - ၆၀၄၁၉၉ |
| ကဌ - ၃၁၉၅၄၅ | မ - ၆၆၅၁၂၇ |
| ဂ - ၃၆၆၆၇၁ | ကဌ - ၇၉၅၆၆၁ |
| ဏ - ၃၈၄၃၁၃ | န - ၈၃၅၉၁၇ |
| ဇ - ၄၀၀၅၁၃ | ကည - ၉၆၄၉၉၇ |
| ဍ - ၄၃၉၃၆၁ | |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀)ဆုများ

| | |
|---|---|
| ဟ - ၁၀၀၆၄၆ | ဆ - ၃၇၂၃၁၂ |
| ကည - ၁၀၁၉၇၇ | ဒ - ၄၅၂၃၈၀ |
| ပ - ၁၄၂၇၆၁ | ဈ - ၅၀၃၂၅၈ |
| ကည - ၁၆၀၉၆၁ | ဃ - ၅၅၃၅၇၉ |
| ကဌ - ၁၆၅၂၆၆ | ကဌ - ၆၄၁၇၉၄ |
| ရ - ၂၂၅၃၄၉ | သ - ၆၆၈၅၄၉ |
| အ - ၂၈၉၈၅၈ | စ - ၆၆၉၄၈၄ |
| စ - ၃၀၈၇၈၄ | ရ - ၇၀၆၄၀၆ |
| ခ - ၃၁၃၈၉၂ | ဋ - ၇၆၂၄၀၇ |
| ဆ - ၃၄၃၈၃၀ | ဗ - ၇၆၅၅၇၆ |
| ကဍ - ၃၅၆၆၄၇ | ဇ - ၈၈၇၅၉၃ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပ | ၁၀၈၃၈၇ | ကက | ၃၀၇၀၂၃ | ဎ | ၅၁၀၇၃၅ | ကပ | ၆၈၂၃၂၄ | မ | ၈၆၁၇၇၂ |
| ရ | ၂၀၄၄၇၃ | ကက | ၃၄၇၅၁၂ | ရ | ၅၃၁၇၉၇ | ထ | ၇၅၂၉၄၁ | ဌ | ၈၇၉၃၄၅ |
| ဒ | ၂၅၃၀၄၄ | ဝ | ၃၉၇၉၇၉ | အ | ၅၇၁၃၁၈ | ယ | ၈၃၅၇၃၉ | ဎ | ၉၁၄၃၁၉ |
| ဇ | ၂၆၉၆၈၁ | ကဃ | ၄၃၉၆၈၁ | ကဍ | ၆၁၄၀၁၃ | ပ | ၈၄၀၅၅၀ | ကင | ၉၂၈၅၆၈ |
| ဎ | ၂၇၈၅၂၅ | ဏ | ၄၉၆၂၉၂ | ဖ | ၆၆၀၆၁၃ | ဟ | ၈၅၈၉၄၂ | ကပ | ၉၉၆၄၃၅ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဎ | ၁၆၄၉၈ | ကဎ | ၆၄၁၉၇ |
| က | ၁၇၉၃၆ | ဒ | ၆၄၈၇၃ |
| န | ၂၇၂၂၃ | ကဆ | ၆၆၅၃၅ |
| ကစ | ၃၄၁၀၀ | မ | ၆၉၁၉၈ |
| ဓ | ၄၂၃၀၉ | ကဃ | ၉၅၆၈၅ |

အကွရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဎ | ၂၂၆၅ | ဂ | ၆၅၀၄ |
| ကဂ | ၃၈၁၉ | ယ | ၇၁၈၁ |
| ဈ | ၃၉၆၅ | ခ | ၇၇၆၂ |
| ကခ | ၅၃၈၆ | တ | ၈၀၉၇ |
| ယ | ၅၆၁၇ | ရ | ၈၆၉၀ |

အကွရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ဈ | ၁၂၇ | န | ၆၉၂ |
| ဇ | ၃၀၉ | ဂ | ၇၆၅ |
| ဏ | ၃၆၄ | ကဍ | ၈၂၂ |
| ဆ | ၃၇၃ | တ | ၈၇၅ |
| ဌ | ၄၉၁ | ဈ | ၉၆၂ |
| ခ | ၅၉၂ | ဏ | ၉၇၇ |
| ကဌ | ၆၇၁ | | |

အကွရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | |
|---|---|---|---|
| ကဌ | ၁၂ | ကဈ | ၆၇ |
| ဘ | ၁၄ | ဇ | ၇၂ |
| ကခ | ၃၅ | ဖ | ၇၅ |
| ကခ | ၃၅ | ဟ | ၇၉ |
| ကခ | ၄၄ | ပ | ၉၁ |
| ကစ | ၅၀ | | |

အကွရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၃) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၂၀၄)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၄) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကည) အက္ခရာထိ အက္ခရာအလုံး (၄၃)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်။ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတား မြို့နယ်တွင် ( ၉ . ၄ . ၂၀၁၈) ရက်နေ့မှ ( ၂၄ . ၄ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၄ . ၂၀၁၈ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက် ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူး ထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဗီယက်နမ်နိုင်ငံရှိ ဟိုချီမင်းနေအိမ်နှင့် ဟိုချီမင်းပြတိုက်တို့အား ကြည့်ရှုလေ့လာ

**ဟန္နိုင်း မေ ၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သည့် နေအိမ်နှင့် ဟိုချီမင်းပြတိုက်တို့အား သွားရောက်ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သည့် နေအိမ်သို့ သွားရောက်ပြီး အလုပ်ခန်း၊ စာကြည့်ခန်း၊ အိပ်ခန်းနှင့် ၎င်း၏ အသုံးအဆောင်ပစ္စည်းများ၊ စာအုပ်များကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟိုချီမင်းနေအိမ် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟိုချီမင်းပြတိုက်သို့ သွားရောက်ပြီး ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းရုပ်တုနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဗီယက်နမ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ဟိုချီမင်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

# ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း၊ ရသေ့တောင်ဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ဓာတ်အားဖြန့်ဖြူးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရသေ့တောင်မြို့အား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**



ရတနာပုံနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# MNL ပြိုင်ပွဲတွင် နာမည်ကြီးအသင်းများဖြစ်သည့် ရတနာပုံနှင့် ရောဝတီအသင်း ရှုံးနိမ့်

**မန္တလေး မေ ၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉)နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟံသာဝတီအသင်းက ရတနာပုံအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
## ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ကွမ်းရွက်ပုံ ဆေးကကောင်း
တွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
ဒူးနာ၊ ခါးနာ၊ ကြိုးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့်ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ဝမုန်းရှင် လေငန်းလိမ်းဆေးရည်
အမြို့မြို့ဆေးဆိုင်တိုင်းမှာ ရရှိနိုင်ပါသည်။

ပန်းဧကရီ (Group Package များကို အထူးစီစဉ်ပေးသည်။)
09-36413899,09-254268089,09-262775151
ထွက်ခွာမည့်ရက် – မေ ၁၂၊ ၁၃၊ ၁၇
ရွှေစက်တော်၊ပုဂံ
ထားဝယ်(ရှင်ကိုးရှင်)
ထားဝယ်(ရှင်ကိုးရှင်)၊ကန်ချနာပူရီ
မြစ်ကြီးနား၊အင်းတော်ကြီး၊မြစ်ဆုံ
ရခိုင်၊မြောက်ဦး၊စစ်တွေ၊ငပလီ
တောင်ကြီး၊အင်းလေး
တောင်ကြီး၊လွိုင်ကော်
မန္တလေး၊ပြင်ဦးလွင်၊အလောင်းတော်
မြဝတီ၊မဲဆောက်
တာချီလိတ်၊မယ်ဆိုင်၊ချင်းမိုင်

အက်တို(လ်)လို အဆင့်မြင့် ပြည်တွင်းခရီးသွားကုမ္ပဏီ
မော်လမြိုင်–ဘားအံ–မြဝတီ–မဲဆောက်
လွိုင်ကော်–ဒီမောဆို:–ကလော
တောင်ကြီး–အင်းလေး–ပင်းတယ–ရှာငံ
ပုဂံ–ပုပ္ပါး–စွယ်တော်လေးဆူ
ဧပြီလ ၁၂ ရက် ထွက်မည်
ဟိုတယ်တည်းစားစရိတ်ငြိမ်း
01-389187, 09-32109138, 09-795418474

# REQUEST FOR EXPRESSION OF INTEREST
# INTERNATIONAL ENVIRONMENTAL AND SOCIAL SAFEGUARDS CONSULTANT
# C4-CS2
# INDIVIDUAL CONSULTANT

**Client:** Yangon City Development Committee (YCDC)
**Country:** Republic of the Union of Myanmar
**Project:** Myanmar Southeast Asia Disaster Risk Management Project
**Loan No.** 60800-MM
**Assignment Title:** International Environmental and Social Safeguards Consultant
**Reference No. (as per Procurement Plan)**: C4-CS2

The Republic of the Union of Myanmar has received financing from the International Development Association (IDA) in the form of a loan toward the cost of Myanmar Southeast Asia Disaster Risk Management Project. The Yangon City Development Committee (YCDC), an implementing agency for the Project, intends to apply a portion of the proceeds of this loan for Consulting Services.

YCDC wishes to invite eligible Individual Consultant to express his/her interest in providing his/her services as International Safeguard Consultant.

The International Safeguards Consultant shall be responsible for inter alia:i) Provide technical oversight for the screening of sub-projects identified under the project, ensuring the screening process complies with the ESMF and RPF; and advice on the site-specific safeguard instruments required (e.g. Environmental and Social Management Plan, Resettlement Plans, etc.); ii) Assist YCDC with the review of contractors' proposals regarding safeguard requirements and identify gaps not covered by the proposed mitigation and environmental measures and/or budget;iii) Support the design, preparation, and implementation of the Safeguard Training Program for the Project coordinating as necessary with safeguards capacity building initiatives taking place in Myanmar, in coordination with YCDC's safeguard focal points and the to-be-recruited national social and environmental safeguards specialists;iv) Supervise the Contractor's performance, and handling of site-specific environmental and social issues, and provide corrective instructions if needed and prepare periodical environmental and social monitoring reports, including reports on ESMP implementation status to YCDC and prepare environmental supervision statement during the construction phase.

It is envisaged that the services will be carried out as short term assignments (total duration: estimation 180 days) over a period of one year and renewable for a further year subject to satisfactory performance.

YCDC now invites eligible Individual Consultant to indicate his/her interest in providing the Services. Interested individual consultant must provide information indicating that he/she is qualified to perform the services: Curriculum Vitae (should include a description of education and general qualifications, similar assignments, experience in similar conditions etc. and the names, business contacts and email addresses of three referees).

The successful candidate must have (Essential Qualifications and Knowledge/Experience): 1)At least in Master's degree in environmental management, environmental engineering, social science, or urban planning or related fields; 2) At least 7 years' international experience in the region regarding to the compliance of safeguards policies including environmental management and involuntary resettlement; 3) Experience in moderating and facilitating group discussions in public preferred; 4) Excellent written and oral communication skills in English language; 5) Knowledge and experience of working with environmental and social safeguard policies of the World Bank and/or Asian Development Bank preferred and also working with Myanmar legislations related to ESIA, involuntary resettlement, and GRM preferred.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers January 2011, revised July 2014 ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

A Consultant will be selected in accordance with the Individual Consultant Selection method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours [9.30a.m to 4.30p.m, Monday to Friday].

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) by Thursday, April 19, 2018 before 3:00 pm.

**Yangon City Hall**
Contact Person: U NyanThar
1st Floor, Yangon City Hall,
Kyauktada Township, Yangon,
Republic of the Union of Myanmar.
Tel: ++95 1 371126
Fax No. : 951-371126, 01-371126
E-mail: ycdcdba@gmail.com

အကောင်းဆုံး
ရွှေထီး၊ ပုသိမ်
ထီး ဆော့နဲ့ ဖွေးရောင်းသည်။
အမှတ်(၅၁)၊အင်းစိန်လမ်းမကြီး(၉)ရပ်ကွက်၊လှိုင်မြို့နယ်
☎:01512443, 0973017656, 095055574

AAS Air.con
Sales & Services
•Electrolux (R32) 1HP 427000/-
( သုံးနှစ် ပစ္စည်း+လက်ခ အခမဲ့ )
•Mitsubishi (R410a)1HP 432000/-
• Panasonic 1HP 380000/-
• Chigo 1HP 290000/-
•TCL 1HP 260000/-
ရန်ကုန်မြို့ နှင့်မန္တလေးမြို့တွင် အသင့်သားဖုန်းနေ့နှင့်ဖြင့် ရောင်းချပေးနေပါသည်ခင်ဗျား ....



သဃ်န်းကျွန်းဆိုင်ခွဲ 01-573811,578957
မြောက်ဥက္ကလာပဆိုင်ခွဲ 09-8614140
တာမွေဆိုင်ခွဲ 09-5054228
လမ်းမတော်ဆိုင်ခွဲ 09-420033464
(၄၈)လမ်းဆိုင်ခွဲ 09-420071954
မန္တလေးဆိုင်ခွဲ 09-450236294

## ရတနာမဥ္ဇူမေမွှရိပ်သာ
## လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့်
## သင်္ကြန်(၅)ရက် အထူးတရားစခန်းဖိတ်ကြား
## အပ်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁) ရပ်ကွက်၊ (၂) လမ်းရှိ ရတနာမဥ္ဇူမေမွှရိပ်သာ၌ ၁၂-၄-၂၀၁၈ရက် (တန်ခူးလပြည့်ကျော်၁၂ရက်)မှ ၁၇-၄-၂၀၁၈ ရက် (ကဆုန်လဆန်း ၃ ရက်)ထိ လယ်တီကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ဇေယျာနန္ဒ (ပုဂံ)ဦးစီး၍ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲ ကျင်းပမည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများသည် ၁၂-၄-၂၀၁၈ရက် (တန်ခူးလပြည့်ကျော် ၁၂ရက်)၊ ညနေ (၆း၀၀)နာရီ အရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒုလ္လဘရဟန်း/သီလရှင် ဝတ်မည့်သူများ ၁၂-၄-၂၀၁၈ရက် နံနက်(၇း၀၀)နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကြိုတင်စာရင်းပေးသွင်းရမည့်ရက် ၃၁-၃-၂၀၁၈ရက်မှ ၁၀-၄-၂၀၁၈ရက်ထိ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည် လှူဒါန်းလိုသူများအား လှူဒါန်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

၁။ အရုဏ်ဆွမ်း- ၇၀၀၀၀ (ခုနစ်သောင်းကျပ်)
၂။ နေ့ဆွမ်း - ၁၅၀၀၀၀ (တစ်သိန်းငါးသောင်းကျပ်)
၃။ အအေး - ၃၀၀၀၀ (သုံးသောင်းကျပ်)

**ရတနာမဥ္ဇူမေမွှရိပ်သာအကျိုးဆောင်အဖွဲ့**
**ဖုန်း ၀၁-၉၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၄၉၂၄၅၇၉၉**

ကချင်ပြည်နယ် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင် စင်တာဖွင့်လှစ်ရန်အတွက်ရန်ပုံငွေရှာဖွေပွဲနှင့် မိတ်ဆုံစားပွဲ
ဖိတ်ကြားလွှာ
MYANMAR KINDNESS
Love . Care . Hope
မြစ်ကြီးနား ပြည်သူ့ဆေးရုံ ကြီးနှင့် Myanmar Kindness Group တို့
ပူးပေါင်းပြီး မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးတွင်
Myitkyina Hospital Hemodialysis Centre (MHHC) ဖွင့်လှစ်ရန်အတွက်
ရန်ပုံငွေရှာဖွေပွဲ နှင့် နှစ်သစ်သင်္ကြန် မိတ်ဆုံစားပွဲ - *Dinner & Dance*
ကို ဧပြီလ ၇ ရက် ၂၀၁၈ ၊ ညနေ ၄း၀၀ နာရီမှ ၈း၀၀ ထိ
ရန်ကုန်မြို့ အင်းယားလိတ် ဟိုတယ် ( Inya Lake Hotel Garden ) တွင်
ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကချင်ပြည်နယ်သူ/သားနှင့် ဒေသအသီးသီးမှမိတ်ဆွေများအား
လက်မှတ်များ ဝယ်ယူအားပေးပြီး ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်အပ်ပါသည်။
အလှူငွေများကိုလည်းစေတနာသဒ္ဓါတရားထက်သန်စွာပါဝင်လှူဒါန်းနိုင်ပါသည်။
ကချင်ရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး နာမည်ကြီး အနုပညာရှင်များစွာမှလည်း မေတ္တာဖြင့် ပါဝင်တင်ဆက်သွားပါသည်။
လက်မှတ်ဝယ်ယူရန် နှင့် အလှူငွေလှူဒါန်းလိုပါက ဆက်သွယ်ရန်ဖုန်း 09 5120747, 09 5151679

## တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ်(၁၄)နေ ဦးသူရကျော် (၁၂/ဒဂန(နိုင်)၀၂၆၇၃၇)၏ တင်ပြလွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်။

KG
Kindhearted Genius

ဦးသူရကျော်သည် အထက်ဖော်ပြပါ **Kindhearted Genius** တံဆိပ်အမည်အမှတ်အသား(**Logo**)ကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်- ၄/၂၃၁၁/၂၀၁၈ အရ တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်အဖြစ် အသုံးပြုရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

၎င်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ **Child Development & Parenting** မဂ္ဂဇင်းစာအုပ်များကို ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ထို့အပြင် ယင်း **Logo Design** အမှတ်တံဆိပ်ဖြင့်ပင် **Design, Printing & Photography Services** များကိုလည်း ထုတ်လုပ်ဝန်ဆောင်မှုပေးသွားမည့်အပြင် မဂ္ဂဇင်းစာအုပ်များ၊ စာစဉ်များ၊ စာရွက်စာတမ်းများနှင့် ဂျာနယ်များတွင်လည်း ထည့်သွင်းအသုံးပြု၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ပုံနှိပ်ထုတ်ဝေ၍ ဖြန့်ချိသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးသူရကျော်တစ်ဦးတည်းမူပိုင်မှတ်ပုံတင်ထားပြီး အသုံးပြုလျက်ရှိသော **Kindhearted Genius (Logo)** အမှတ်တံဆိပ်နှင့် အမည်တူဖြစ်စေ၊ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူရိုးမှား တုပခြင်းမပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ တားမြစ်ချက်ကို ကျူးလွန်ပါက ဦးသူရကျော်၏ ဆန္ဒနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

တင်ပြလွှဲအပ်ချက်အရ -

**ဒေါ်ဝေမာနွယ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၅၉)**
တိုက်(၉/၁၁)၊ အခန်း(၃၀၁)၊ ၃-လွှာ၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၁၂၄၇၆၅ ၊ ၀၉-၇၉၈၄၃၁၆၁၄၅

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြည်သူလူထုကို ဝန်ဆောင်မှုအပြည့်အဝပေးမည်

● သတင်းဆောင်းပါး - ခင်ရတနာ၊ ● ဓာတ်ပုံ - မေဦးမိုး



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

ခုတ်မောင်းနေသည့် လေအိတ်ရထားကြီး၏ တွဲဆိုင်းတစ်ခုပေါ်၌ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ လိုက်ပါစီးနင်းလာသည်။ မကြာမီ နေပြည်တော်ဘူတာကြီးသို့ ဆိုက်ရောက်တော့မည်။ ခရီးသည်များက မိမိတို့နှင့်အတူ ပါရှိလာသည့် ဝန်စည်စလယ်များကို စစ်ဆေးကာ ရထားပေါ်မှဆင်းသက်ရန် အရှိန်ယူကြသည်။ ရထားတွဲဆိုင်းသစ်များမှာ စီးနင်းသူအဖို့ ကျေနပ်ဖွယ်ကောင်းကြောင်း၊ သို့သော် အချိန်ကြာမြင့်ချိန်၊ ဝန်ဆောင်မှုနှင့် အခြားအခြားသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်နှိုင်းယှဉ်ပါက လိုအပ်ချက်များစွာ ရှိကြောင်း စီးနင်းသူများက ပြောကြားသည်။

"ပြည်သူတွေအတွက် အများကြီး ဆောင်ရွက်ပေးချင်တာတွေ ရှိပါတယ်၊ အစိုးရသက်တမ်း နှစ်နှစ်တာအတွင်းမှာ ရထားပို့ဆောင်ရေးအပါအဝင် ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အများကြီးလုပ်ဆောင်ထားပါတယ်၊ အားလုံးကို ပြည့်စုံသွားအောင်လုပ်ဆောင်ဖို့အတွက်တော့ အခက်အခဲတွေရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးထားပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားသည်။

### ပြည်သူ့အတွက် မမ

မြန်မာ့မီးရထားတွင် အစိုးရသစ်နှစ်နှစ်တာအတွင်း အမြန်ရထား ၃၈ စင်း၊ စာပို့ရထား အစင်း ၆၀၊ လူစီးကုန်တင်ရထား အစင်း ၅၀ နှင့် မြို့ပတ်ရထား အစင်း ၂၂၀ တို့ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခရီးသည် ၄၄ သန်းကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"မြစ်ငယ်တွဲသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံကနေ ယခုနှစ်အတွင်း လေအိတ်ပါ လူစီးတွဲသစ် ၂၁ တွဲကို တည်ဆောက်ပေးမှာဖြစ်သလို နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံကနေလည်း မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းသစ် ၁၀ စင်းကို တည်ဆောက်မှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့ပြင် ပဲခူး-မော်လမြိုင်-ရေး ရထားလမ်းကိုလည်း ၂၀၂၀ ခုနှစ်အထိ လေးနှစ်တာ စီမံကိန်းဖြင့် လုပ်ဆောင်ခဲ့ပြီး မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ဂျိုးထောင်-မဲဇာ ၂၄ မိုင်နှင့် မော်ဟန်-ကာဒူ ၁၀ မိုင် အဆင့်မြှင့်တင်ရေး ငါးနှစ်တာစီမံကိန်းမှာလည်း မကြာမီ စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်-ပြည်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှာလည်း မြေတိုင်းလုပ်ငန်းတွေ လုပ်ကိုင်ခဲ့ပြီး ADB (အာရှဖွံ့ဖြိုးရေးဘဏ်)ကနေ ချေးငွေရရှိရေး ညှိနှိုင်းဆောင်ရွက်နေပါတယ်၊ လမ်းခရီးတစ်လျှောက် တံတား ၄၄၇ စင်းကိုလည်း တိုင်းတာစစ်ဆေးပြီး ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရန်ကုန်-တောင်ငူ ၁၆၆ မိုင် လမ်းပိုင်းကို ဂျပန်ချေးငွေ၊ နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် ၂၀၂၁ ခုနှစ် အပြီးဆောင်ရွက်နေပြီး ရန်ကုန်ဘူတာကြီး အချက်ပြတပ်ဆင်ခြင်းမှာ ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ ချေးငွေ၊ နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် ရန်ကုန်မြို့ပတ် ၅၉ မိုင် ရထားလမ်းပိုင်းကိုလည်း ၂၀၂၁ ခုနှစ်အထိ အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့မီးရထား အရှုံးသက်သာရန် ဆောင်ရွက်

"ရထားလုပ်ငန်းဆိုတာ အရင်းအနှီးများပြီး အရှုံးများတဲ့ နိုင်ငံပိုင်စီးပွားရေးတစ်ခုလည်း ဖြစ်ပါတယ်၊ အရှုံးကိုကာမိအောင် ရထားနယ်နိမိတ်အတွင်း ငှားရမ်းခွင့်တွေ ချထားပြီး ပွင့်လင်းမြင်သာစွာနဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်တာရှိပါတယ်၊ ဥပမာပြောရရင် ဒီနှစ်ထဲမှာ မြန်မာ့မီးရထားရုံးချုပ်ကို ဒေသအမှတ်အသားတစ်ခုအနေနဲ့ ရှေးမူမပျက် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် တည်ဆောက်တာမျိုးရှိသလို အခြားသော လုပ်ငန်းအချို့ကိုလည်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေကို တင်ဒါစနစ်အသုံးပြုပြီး အငှားချထားပေးတာလည်း လုပ်ဆောင်ခဲ့တယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

နှစ်နှစ်တာအတွင်း ရွာသာကြီး၊ မြစ်ငယ်နှင့် ဗိုလ်တထောင်မြို့နယ်တွင်လည်း လုပ်ငန်းရှင်များသို့ ငှားရမ်းခြင်း၊ ဖြူးမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မုံရွာ၊ ရွှေဘို၊ မော်လမြိုင်၊ ပြင်ဦးလွင်နှင့် ပုဂံ၊ ကျောက်ဆည်ဘူတာနယ်မြေဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် လျာထားပြီး မန္တလေးဘူတာနယ်မြေ ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။

### လေကြောင်းပို့ဆောင်ရေးကဏ္ဍ

ချင်းပြည်နယ် ဖလမ်းမြို့နယ် ဆူရ်ဘုံတောင်ကြောတွင် အေတီအာရ် ၇၂ လေယာဉ်များ ဆင်းသက်နိုင်ရန် လေဆိပ်တည်ဆောက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၃၃ ဒသမ ၇ ရာခိုင်နှုန်း ပြီးစီးခဲ့ခြင်းမှာလည်း အားရကျေနပ်ဖွယ်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ခြင်းများ အထူးကဏ္ဍ [ ခ ] သို့ »»



မြန်မာ့အမျိုးသားလေကြောင်းလိုင်းပိုင် လေယာဉ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆိုက်ကပ်ထားစဉ်။

> "ပဲခူး-မော်လမြိုင်-ရေး ရထားလမ်းကိုလည်း ၂၀၂၀ ပြည့်နှစ်အထိ လေးနှစ်တာ စီမံကိန်းဖြင့် လုပ်ဆောင်ခဲ့ပြီး မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ဂျိုးထောင်-မဲဇာ ၂၄ မိုင်နှင့် မော်ဟန်-ကာဒူ ၁၀ မိုင် အဆင့်မြှင့်တင်ရေး ငါးနှစ်တာစီမံကိန်းမှာလည်း မကြာမီစတင်တော့မည်"





ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ ဆူရ်ဘုံလေဆိပ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

အထူးကဏ္ဍ [ က ] မှ »»
ဆက်လက်ဆောင်ရွက်နေပြီး မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တစ်နှစ်လျှင် တန် ၄၀၀၀ အထိ ကုန်စည်ဝန်ဆောင်မှုကို လည်း ၂၀၁၉ ခုနှစ် မတ်လတွင် ပေးအပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆင်းသက်ရပ်နားမှု ၃၉၂၆၄ ကြိမ်၊ ဖြတ်ကျော်ပျံသန်းမှု ၂၀၃၂၉၄ ကြိမ်တို့ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆင်းသက်ရပ်နားမှု ၃၂၃၆၂ ကြိမ်နှင့် ဖြတ်ကျော်ပျံသန်းမှု ၂၇၇၁၅၉ ကြိမ် ရှိခဲ့ပြီး လေကြောင်းထိန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

"နှစ်နှစ်တာကာလအတွင်း ADS-B Station ကို ကိုကိုးကျွန်းမှာ တပ်ဆင်ပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးခဲ့ပါတယ်၊ VOR Station ကို ကျိုင်းတုံလေဆိပ်၊ AFTN Terminal လေးခုကို လားရှိုး၊ တာချီလိတ်၊ စစ်တွေနဲ့ မြိတ်လေဆိပ်တွေမှာ တပ်ဆင်ခဲ့ပါတယ်၊ လေယာဉ်စီးခရီးသည်အနေနဲ့ကတော့ ပြည်တွင်းခရီးစဉ်တွေမှာ ၂၀၁၆ ခုနှစ်အတွင်း ၂၆၀၉၇၃၂ ဦး ဆိုက်ရောက်ခဲ့ပြီး ထွက်ခွာဦးရေက ၂၆၂၄၉၁၃ ဦးရှိပါတယ်၊ ၂၀၁၇ ခုနှစ်အတွင်းမှာ ဆိုက်ရောက်ဦးရေ ၂၈၆၅၉၇၂ ဦးနဲ့ ထွက်ခွာဦးရေက ၂၈၈၁၂၀၅ ဦး ရှိပါတယ်၊ ပြည်ပခရီးစဉ် ဆိုက်ရောက်သူကတော့ ၂၀၁၆ ခုနှစ်မှာ ၂၀၁၇၉၅၀ နဲ့ ၂၀၁၇ ခုနှစ်မှာ ၂၁၉၉၃၉၈ ဦးဖြစ်ပြီး ထွက်ခွာဦးရေကတော့ ၂၀၁၆ ခုနှစ်မှာ ၂၀၁၄၅၆၁ ဦးနဲ့ ၂၀၁၇ ခုနှစ်မှာ ၂၁၈၁၆၇၆ဦး ရှိခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက လေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အစိုးရသစ် နှစ်နှစ်တာအတွင်း မြစ်ကြီးနားလေဆိပ်ကို ဖွင့်လှစ်ခြင်း၊ လားရှိုး၊ စစ်တွေ၊ သံတွဲ၊ ကော့သောင်းနှင့် မော်လမြိုင်လေဆိပ်တို့အား အဆင့်မြှင့်တင်ခဲ့ပြီး လွိုင်ကော်နှင့် မာန်အောင်လေဆိပ်ပြေးလမ်းများ တိုးချဲ့ခြင်း၊ မူဆယ်နှင့် မြောက်ဦးတို့တွင် လေဆိပ်အသစ်တည်ဆောက်ခြင်း၊ ပုဂံ-ညောင်ဦးလေဆိပ်အား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေဘဲ Eco Friendly Green Airport ဖြစ်လာစေရန် ကနဦးဆန်းစစ်ခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ ချင်းပြည်နယ် လိုင်းလင်းပီမြို့တွင် လေယာဉ်ကွင်းငယ် တည်ဆောက်ရေးကိုလည်း ယခုနှစ်စက်တင်ဘာလမှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။




မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။

### ရေကြောင်းပို့ဆောင်ရေးကဏ္ဍ

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်မြစ်များတွင် မိမိပိုင်မြေ မဆုံးရှုံးစေရေးအတွက် မိမိဘက်ကမ်းများမပြိုစေရန် မြေထိန်းနံရံများ တည်ဆောက်နေပြီး ပြည်တွင်းရှိ မြစ်ချောင်းများအတွင်း ရေလမ်းညွှန်အမှတ်အသားများ ချထားခြင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်များတွင် တံစုန်းနုတ်ခြင်း၊ ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်း ကောင်းမွန်ရေး၊ ကမ်းပြိုကာကွယ်ရေးနှင့် မြစ်ရေတင်စက်များ ရေရရှိရေးနှင့် သောင်တူးဖော်ခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရသည်။

ရေကြောင်းတိုင်းတာ စစ်ဆေးပုံထုတ်ခြင်းများကို တံတားများမတည်ဆောက်မီနှင့် တည်ဆောက်ပြီး စစ်ဆေးပေးလျက်ရှိရာ နှစ်နှစ်တာအတွင်း တံတားအစင်း ၇၀ အား စစ်ဆေးပေးခဲ့ပြီး တွံတေးတူးမြောင်း ကမ်းပါးထိန်းသိမ်းခြင်းကိုလည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စီမံကိန်းစတင်နေပြီ ဖြစ်သည်။ မန္တလေး ခေတ်မီဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စတင်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်အောက်တိုဘာအထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အထူးကဏ္ဍ [ ဂ ] သို့ »»

"ရေကြောင်းတိုင်းတာစစ်ဆေးပုံထုတ်ခြင်းများကို တံတားများ မတည်ဆောက်မီနှင့် တည်ဆောက်ပြီး စစ်ဆေးပေးလျက်ရှိရာ နှစ်နှစ်တာအတွင်း တံတားအစင်း ၇၀ အား စစ်ဆေးပေးခဲ့ပြီး တွံတေးတူးမြောင်း ကမ်းပါးထိန်းသိမ်းခြင်းကိုလည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ စီမံကိန်းစတင်နေပြီဖြစ်သည်။ မန္တလေး ခေတ်မီဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စတင်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာအထိ ဆောင်ရွက်မည်။"

အထူးကဏ္ဍ [ ခ ] မှ »»

နှစ်နှစ်တာအတွင်း ဝန်ကြီးဌာနမှ ရေကြောင်းအင်ဂျင်နီယာအရာရှိ ၃၉၅၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံခြားသွားကုန်တင်ယာဉ် ၃၈ စီး၊ ကမ်းရိုးတန်းသွား ခရီးသည်တင်ယာဉ် ၆၄ စီး၊ ကမ်းရိုးတန်းသွားကုန်တင်ယာဉ် ၁၅၄၄ စီး၊ ပြည်တွင်းသွားကုန်တင်ယာဉ် ၆၁၇၈ စီး၊ စက်မြင်းကောင်ရေ ၂၀ အောက် ၆၉၂၀၇ စီးတို့ကိုလည်း ရေယာဉ်မှတ်ပုံတင်များ ထုတ်ပေးနိုင်ခဲ့ကြောင်း ဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ထုတ်ပြန်ခဲ့ပြီး မြန်မာကုန်သည်သင်္ဘောအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၇ ကိုလည်း နိုင်ငံတော်သမ္မတရုံးသို့ တင်ပြနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အစိုးရသက်တမ်း နှစ်နှစ်တာအတွင်း တက်ရောက်ပညာသင်ကြားခွင့်ရသူ ၆၂၃ ဦး ရှိလာပြီး အလုပ်အကိုင်ပေါင်း ၁၆၂ ခုခန့်ကို ရှာဖွေခန့်အပ်ပေးနိုင်ခဲ့ကြောင်း၊ ကုန်သွယ်ရေကြောင်းကောလိပ်မှလည်း ရေကြောင်းအရာရှိလောင်း ၁၈၄ ဦး၊ အင်ဂျင်နီယာအရာရှိလောင်း ၂၀၂ ဦးနှင့် အခြားသောသင်တန်းဆင်းပေါင်းများစွာကို မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍ**

ဂျပန်အစိုးရ၏အထောက်အပံ့ ယန်းသန်း ၅၀၀ အသုံးပြု၍ ရေယာဉ် 'ကစ္ဆပနဒီ-၁' သည် ၂၀၁၇ ခုနှစ် မတ်လမှစတင်ကာ စစ်တွေ၊ မာန်အောင်၊ ကျောက်ဖြူ တောင်ကုတ်ခရီးစဉ်များ ပြေးဆွဲလျက်ရှိပြီး 'ကစ္ဆပနဒီ-၂'ရေယာဉ်သည် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစတင်၍ စစ်တွေ-မြေပုံ-ကျောက်ဖြူ ခရီးစဉ်များတွင် ပြေးဆွဲပေးလျက်ရှိသည့်အပြင် စင်းလုံးငှားစနစ်ဖြင့် ပြေးဆွဲနိုင်ရေးကိုလည်း စီစဉ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏အစီအစဉ်ဖြင့် 'ကစ္ဆပနဒီ-၃' ခရီးသည်တင်အမြန်ရေယာဉ်သစ်သည် ၂၀၁၉ ခုနှစ် ဧပြီလတွင် ရောက်ရှိလာမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းခရီးစဉ်များ ထပ်မံတိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ကြောင်းတွင် ကွန်တိန်နာတင် တွဲယာဉ်အသုံးပြု၍ ကုန်စည်ပို့ဆောင်ရန် JICA အကူအညီဖြင့် ကွန်တိန်နာတင်တွဲယာဉ်တည်ဆောက်ထားပြီး သီလဝါဆိပ်ကမ်းနှင့် ရွှေပြည်သာရွှေမဲဆိပ်ခံတံတားအပြင် ရန်ကုန်နှင့်မန္တလေးအကြား ရေကြောင်းဖြင့် ကုန်သေတ္တာသယ်ယူပို့ဆောင်မှုပြုလုပ်ရန် ရည်ရွယ်ထားသည်။ ရန်ကုန်ဆိပ်ကမ်းသည် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာရေကြောင်းကုန်သွယ်မှုပမာဏ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး နှစ်နှစ်တာကာလအတွင်း စုစုပေါင်း ဆိပ်ခံတံတားခြောက်စင်း တည်ဆောက်နိုင်ခဲ့သည်။

သီလဝါကမ်းနားဒေသတွင် နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာတင်/ချ ပြုလုပ်နိုင်သော ဆိပ်ခံတံတား (Multi Purpose Terminal) နှစ်စင်းအား ဂျပန်နိုင်ငံချေးငွေဖြင့် တည်ဆောက်နေပြီး လုပ်ငန်းများထက်ဝက်ကျော်ပြီးစီးနေပြီဖြစ်သည်။ ရန်ကုန်၊ ကော့သောင်းနှင့် မြိတ်ဆိပ်ကမ်း MACLEOD ISLAND သို့ အပျော်စီးခရီးသည်တင်သင်္ဘော ၅၇ စီးနှင့် ခရီးသည်ပေါင်း ၂၈၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ရန်ကုန်မြစ်အတွင်း ပင်လယ်ကူးသင်္ဘောများ လွယ်ကူစွာဝင်ထွက်သွားလာနိုင်ရန် သောင်တူးခြင်းများကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း အသုံးပြုဆောင်ရွက်နေပြီး ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနများမှ သိရသည်။



သီလဝါကမ်းနားဒေသဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

မေယုမြစ်ပြတိုက်တွင် ကမ်းပါးထိန်းတံတိုင်း၊ လှိုင်းကာတံတိုင်းများပြုပြင်တည်ဆောက်ခြင်းကို ၂၀၁၇ ဒီဇင်ဘာတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၃၀၈၅ ဒသမ ၇၇၀ အား ထည့်သွင်းလျာထားပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဆိပ်ကမ်းလုပ်ငန်းနှင့်ဆက်စပ်သည့် စီမံခန့်ခွဲမှုစနစ်များအား ကွန်ပျူတာအသုံးချဝန်ဆောင်မှုအဖြစ် အဆင့်မြှင့်တင်ရန်အတွက် Port EDI စနစ်အား Go-Live အဖြစ် ၂၀၁၈ ခုနှစ် မေလတွင် လွှဲပြောင်းလက်ခံသွားမည်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်နှစ်တာကာလအတွင်း ယာဉ်အစီးရေပေါင်း ၁၂၉၆၄၈၀ အား မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆိုင်ကယ်လိုင်စင်မှာလည်း နှစ်နှစ်တာအတွင်း ၉၅၀၉၈၉ ခု ထုတ်ပေးနိုင်ခဲ့ကြောင်း၊ မော်တော်ယာဉ် သက်တမ်းတိုးခြင်းတွင် မည်သည့်အကန့်အသတ်ရာမဆို ကိုယ်ပိုင်လူစီးအုပ်စုဝင်ယာဉ်ငယ်များ၊ အင်ဂျင်ပါဝါ ၆၆၀ စီစီရှိ ကိုယ်ပိုင်ယာဉ်များ၏ ကနဦးနှင့် နှစ်လဲမှတ်ပုံတင်သက်တမ်းအား နှစ်နှစ်ကာလသို့ ပြောင်းလဲဖြေလျှော့သတ်မှတ်ပေးခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယာဉ်စစ်ဆေးရမည့်ရက် ကြိုတင်စာရင်းသွင်း မှတ်သားသည့်စနစ် (Online Booking System) ကို စတင်ကျင့်သုံးနိုင်ခဲ့ပြီး ယာဉ်မောင်းလိုင်စင်များကိုလည်း Smart Card မှသည် Chip ပါသော Smart Card ပြောင်းလဲထုတ်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အစိုးရသက်တမ်း နှစ်နှစ်တာအတွင်း မော်တော်ယာဉ် စစ်ဆေးသည့် စက်ကိရိယာ ၁၂ ခုနှင့် မော်တော်ဆိုင်ကယ်စစ်ဆေးသည့် စက်ကိရိယာ ၁၆ ခုတို့အား တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ရုံးများတွင် တပ်ဆင်ပေးနိုင်ခဲ့ကြောင်း နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာအစီရင်ခံစာများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် Logistics ကဏ္ဍ ဖြစ်ထွန်းလာစေရန် National Logistics Master Plan ကို ၂၀၁၆ ခုနှစ်တွင် ဂျပန်နိုင်ငံ JICA အကူအညီဖြင့် စတင်ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လကုန်တွင် အပြီးသတ်အတည်ပြုနိုင်မည်ဖြစ်ရာ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက်ကို လျော့နည်းစေမည်ဖြစ်သည့်အပြင်၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး National Transport Master Plan ပါ စီမံကိန်းများကိုလည်း ပြန်လည်သုံးသပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ဆက်သွယ်ရေးနှင့်**
**သတင်းအချက်အလက်နည်းပညာကဏ္ဍ**

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲနိုင်မှုမှာ ၁၁၀ ဒသမ ၄၄ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိနေပြီး နိုင်ငံတော်အစိုးရ နှစ်နှစ်တာအတွင်း စတုတ္ထမြောက် အော်ပရေတာ Telecom International Myanmar (Mytel) ကို လိုင်စင်ချထားပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»




ကစ္ဆပနဒီ-၂ ရေယာဉ်ကို တွေ့ရစဉ်။

| ဘဏ္ဍာရေးနှစ် | အင်တာနက် Bandwidth |
|---|---|
| ၂၀၁၅ -၂၀၁၆ | 55.82 Gbps |
| ၂၀၁၆ - ၂၀၁၇ | 206.10 Gbps |
| ၂၀၁၇ - ၂၀၁၈ | 324.10 Gbps |

| ဘဏ္ဍာရေးနှစ် | ဆက်သွယ်ရေးတာဝါတိုင်အရေအတွက် |
|---|---|
| ၂၀၁၅ -၂၀၁၆ | ၁၀၁၉၃ |
| ၂၀၁၆ -၂၀၁၇ | ၁၅၁၈၃ |
| ၂၀၁၇-၂၀၁၈ | ၁၉၀၉၀ |









ရေအောက်ဖိုက်ဘာကေဘယ်နှင့် နယ်စပ်ဖြတ်ကျော်ဖိုက်ဘာကေဘယ်များ ချိတ်ဆက်ထားမှုအခြေအနေ။



ရန်ကုန်ရေဒါစခန်းကို တွေ့ရစဉ်။

**အထူးကဏ္ဍ [ ၈ ] မှ »»»**

ဆက်သွယ်ရေးကဏ္ဍတွင် ၂၀၁၉ ခုနှစ် ပထမသုံးလအတွင်း နိုင်ငံ့လူဦးရေ၏ ၉၄ ရာခိုင်နှုန်းခန့် ဆက်သွယ်ရေးကွန်ရက်ရောက်ရှိရန် Universal Service Fund များကို အသုံးပြုကာ လိုင်စင်သက်တမ်းငါးနှစ်အတွင်း လူဦးရေ၏ ၉၉ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

တစ်နိုင်ငံလုံးအနေဖြင့် ပင်မဖိုက်ဘာကေဘယ်ဆက်ကြောင်း ကီလိုမီတာ ၄၀၀၀၀ ခန့် ချခင်းထားရှိပြီး ရေဒီယိုလှိုင်းနှုန်းသုံးစွဲမှုတွင် တရားမဝင်သုံးစွဲနေမှုများမဖြစ်ပေါ်စေရေးအတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် Spectrum Monitoring စင်တာခြောက်ခုဖြင့် စောင့်ကြည့်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်ဆက်ကြောင်း တစ်ခုနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဆက်ကြောင်းသုံးခု ထပ်မံချိတ်ဆက်နိုင်ခဲ့သဖြင့် Bandwidth စုစုပေါင်း 300 Gbps ကျော်အထိ တိုးတက်လာကြောင်း၊ International Gateway (IGW) ဝန်ဆောင်မှုတွင်လည်း အော်ပရေတာ ၁၆ ဦးအထိ ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ဂြိုဟ်တုဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်လာစေရေးအတွက် Intelsat Satellite နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး MyanmarSat-1 ဂြိုဟ်တုစနစ်ဖြင့် C Band 252 MHz နှင့် Ku Band 144 MHz တို့အား အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးလျက်ရှိပြီး မကြာမီ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်အဖြစ် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်း ထည့်ဝင်ဆောင်ရွက်မည့် Myanmar-Sat-2 စနစ်အား အကောင်အထည်ဖော်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ Hokkaido တက္ကသိုလ်နှင့် ပူးပေါင်း၍လည်း ဓာတ်ပုံရိုက်ကူးနိုင်သော ၅၀ ကီလိုဂရမ်ခန့်ရှိ EOS (Earth Observing Satellite) ဂြိုဟ်တုငယ်တစ်ခု လွှတ်တင်အသုံးပြုနိုင်ရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ e-Government စနစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆိုက်ဘာလုံခြုံရေးအတွက် အိုင်စီတီသင်တန်းများကို ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ CIO များအား ပို့ချပေးလျက်ရှိရာ နှစ်နှစ်တာအတွင်း သင်တန်းသား ၈၀၀ ကျော်ကို ပို့ချပေးခဲ့သည်။ အနာဂတ်တွင်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုလွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံပိုင်ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲနိုင်ရန် ကြိုးပမ်းနေကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

မြန်မာ့စာတိုက်လုပ်ငန်းသည် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား ဘဏ်များ၊ Mobile Money များနှင့်ပူးပေါင်း၍ လည်းကောင်း၊ Online Shopping ဖြစ်သည့် Market Place ကိုလည်းကောင်း၊ လေယာဉ်လက်မှတ်နှင့် ကားလက်မှတ်ရောင်းချခြင်းများကိုလည်းကောင်း၊ နေ့ချင်းရောက် စာဝေစနစ်များ၊ ယနေ့ပို့ မနက်ဖြန်ရောက် အိမ်တိုင်ရာရောက် ပေးဝေစနစ်များအားလည်းကောင်း ဆောင်ရွက်နေကြောင်း သိရှိရသည်။

တံဆိပ်ခေါင်း ထုတ်ဝေခြင်းတွင်လည်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အထိမ်းအမှတ်၊ (၂၃) ကြိမ်မြောက် အာဆီယံဒေသတွင်း နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအစည်းအဝေး အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းအထိမ်းအမှတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် (၇၀) ပြည့် အထိမ်းအမှတ်၊ အာဆီယံထူထောင်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ်များအပြင် မြန်မာ့တူရိယာ ပတ္တလားနှင့် စောင်း စာပို့တံဆိပ်ခေါင်းများကို ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

**“နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာနည်းလမ်းအစီအစဉ်ဖြင့် ရေဘေးအများဆုံးဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ(Automatic Weather Observation System - AWOS) အစုံ ၈၀ နှင့် အလိုအလျောက်မြစ်ရေမှတ်တိုင်းကိရိယာ ၁၀ စုံတို့အား တပ်ဆင်လျက်ရှိရာ မကြာမီအလုံးစုံပြီးစီးတော့မည်။”**

## မိုးလေဝသနှင့် ဇလဗေဒကဏ္ဍ

နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာနည်းလမ်းအစီအစဉ်ဖြင့် ရေဘေးအများဆုံးဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ (Automatic Weather Observation System - AWOS) အစုံ ၈၀ နှင့် အလိုအလျောက် မြစ်ရေမှတ်တိုင်းကိရိယာ ၁၀ စုံတို့အား တပ်ဆင်လျက်ရှိရာ မကြာမီ အလုံးစုံပြီးစီးတော့မည်ဖြစ်ပြီး ကိုရီးယားနိုင်ငံ၏ Modernization of Forecasting and Warning System for Natural Disaster in Myanmar အစီအစဉ်ဖြင့် အလိုအလျောက် မြေပြင် မိုးလေဝသတိုင်းတာရေးကိရိယာ အလုံး ၂၀ မှလည်း အချက်အလက်များ ရရှိအသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် စိုးရိမ်ရေမှတ်ပြင်ဆင်သတ်မှတ်ခြင်းလုပ်ငန်းများတွင်လည်း ပဲခူး(ပဲခူးမြစ်)၊ မအူပင်(တိုးမြစ်)၊ သပိတ်ကျင်း(ဧရာဝတီမြစ်)၊ ပြင်သာ(မြစ်သာမြစ်)၊ သာပေါင်း (ငဝန်မြစ်)၊ သိမ်ဇရပ်(စစ်တောင်းမြစ်)၊ ကနီ (ချင်းတွင်းမြစ်)၊ ပင်လည်ဘူး (မူးမြစ်)တို့တွင် စိုးရိမ်ရေမှတ် ပြင်ဆင်သတ်မှတ်ခြင်းနှင့် အသစ်သတ်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

စင်ကာပူနိုင်ငံ နမ်ယမ်းနည်းပညာတက္ကသိုလ် မြေကမ္ဘာလေ့လာရေးဌာန (Earth Observatory of Singapore-EOS) နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ မြေငလျင်ဘေးအန္တရာယ် လျော့ပါးရေးနှင့် မြေငလျင်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် မြေငလျင်စက် ၂၉ လုံး တပ်ဆင်နိုင်ခဲ့ပြီး GPS-Global Positioning System စခန်းသစ် ကိုးခုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံအစိုးရအထောက်အပံ့ဖြင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်သတိပေးစနစ်ဗဟိုဌာန (Regional Integrated Multi-hazard Early Warning System-RIMES)မှ မြန်မာနိုင်ငံ မြေငလျင်လုပ်ငန်းများအတွက် မြေငလျင်စခန်းသုံးခုတွင်လည်းကောင်း မြေငလျင်စက်များ တပ်ဆင်နိုင်ခဲ့သည်။ ကျန်ရှိနေသော မြေငလျင်စက်ငါးလုံး တိုးချဲ့တပ်ဆင်ရေးအတွက် တောင်ငူ၊ ကန့်ဘလူ၊ သီပေါ၊ ဂွနှင့် ထားဝယ်မြို့တို့တွင် Seismic Vault များ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။



ကျောက်ဖြူရေဒါစခန်းကို တွေ့ရစဉ်။

“ဝန်ကြီးဌာနအနေနဲ့ ပို့ဆောင်ရေးအခြေခံအဆောက်အအုံတွေ ရေရှည်နဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင်၊ နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီဖြစ်အောင် ကြိုးစားနေပါတယ်၊ နိုင်ငံတကာအဆင့်မီ သယ်ယူပို့ဆောင်ရေးစနစ်ကြီးဖြစ်လာဖို့နဲ့ ပိုကောင်းတဲ့ဝန်ဆောင်မှုတွေ ဖြည့်ဆည်းနိုင်အောင်လည်း ဂရုပြုလုပ်ဆောင်နေပါတယ်၊ ဆက်သွယ်ရေးကဏ္ဍမှာဆိုရင်လည်း နည်းပညာအသစ်တွေသုံးပြီး ဝန်ဆောင်မှုတွေတိုးတက်အောင်၊ အမျိုးသားဆိုက်ဘာလုံခြုံရေးစနစ်တွေ အစီအစဉ်တွေ မြင့်မားအောင်နဲ့ နိုင်ငံတော်အစိုးရရဲ့ e-Government လုပ်ငန်းစဉ်တွေ ပိုမိုပေါ်ထွက်လာအောင် ဆောင်ရွက်သွားမယ်လို့ ပြည်သူတွေကို ကတိပေးပြောကြားလိုပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောပြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဦးစားပေးဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။

၀၀၀